# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လကွယ်၊ တနင်္ဂနွေနေ့၊ (13-9-2015) (၈၃၂၂)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်း၊ မုံရွာနှင့် မော်လိုက်မြို့တို့ စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် သုံးပေခွဲခန့်စီ၊ မော်လိုက်မြို့တွင် ငါးပေခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ မုံရွာမြို့နှင့် နောက်သုံးရက်အတွင်း မော်လိုက်မြို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



အင်းဝနန်းတော်အုတ်ခုံအား ပြန်လည်တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# အင်းဝမြို့ဟောင်း နန်းတော်အုတ်ခုံ ပြန်လည်တူးဖော်မှုလုပ်ငန်းများဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၂

**မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဥတည်ကျေးရွာအနီး အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးအတွင်းရှိ အင်းဝနန်းတော်အုတ်ခုံအား ပြန်လည်တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ သိရသည်။**

စာမျက်နှာ ၃ ကော်လံ ၂ သို့ ✿





ညောင်ဦးမြို့ (မြို့မ)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်းသို့ ရေများဝင်ရောက်နေစဉ်။

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်ဦးမြို့၌ ရေများဝင်ရောက်

**ညောင်ဦး စက်တင်ဘာ ၁၂**

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာခဲ့ပြီး မြစ်ကမ်းဘေးအနီးနေထိုင်ကြသူများနှင့် မြစ်လယ်ကျွန်းကျေးရွာဖြစ်သည့် ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားအုပ်စု ဆယ်လံကျေးရွာနေပြည်သူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယာယီကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်ထားရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ ဧရာဝတီမြစ်ရေမြင့်တက်မှုသည် ယနေ့ မွန်းလွဲပိုင်းအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ် စင်တီမီတာ ၂၁၂၀ အထက် ၇၉ စင်တီမီတာ ကျော်လွန်ရောက်ရှိခဲ့ရာ ညောင်ဦးမြို့(မြို့မ)အထက်တန်းကျောင်း(ခွဲ)ဝင်းအတွင်းသို့ ရေများဝင်ရောက်လျက်ရှိနေသည်ကိုတွေ့ရပြီး စိုးရိမ်ဖွယ်ရာမရှိသည့်အတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

ကြေးမုံ စာ တ ည်း ရှု ထောင့် — ၁၃-၉-၂၀၁၅၊ တနင်္ဂနွေနေ့

# ထာဝရငြိမ်းချမ်းရေးတည်ဆောက်

"ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခေါင်းနဲ့ပန်းလို ဒွန်တွဲနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး ဖြစ်စဉ်ဟာလည်း ကြီးမားတဲ့ ထူးခြားတိုးတက်မှုတွေရရှိနေပါတယ်"ဟု နိုင်ငံတော်သမ္မတက စက်တင်ဘာလ ၁ ရက်နေ့က ရေဒီယိုမိန့်ခွန်းမှတစ်ဆင့် ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ပြောကြားချက်နှင့်အညီ စက်တင်ဘာ ၉ ရက် က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးရေးတွင် အားလုံးပါဝင်ရေး သဘောတူညီချက်စာချုပ်ကို အောက်တိုဘာလ ပထမပတ်အတွင်း စတင်လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ခဲ့သည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အဆင့်အမြင့်ဆုံးနှင့်အကျယ်ပြန့်ဆုံးဟုဆိုရမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အတည်ပြုမူကြမ်းပြီးစီးကြောင်း ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်ခေါင်းဆောင်များက ဩဂုတ်လ ၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

စာချုပ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် အဓိကကျသည့် ကတိကဝတ်နှစ်ခုဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးအရအဖြေရှာရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် သဘောတူညီချက်နှစ်ခုကိုလည်း စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည်။ ထို့ကြောင့် တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့သည့် လိုလားချက်များနှင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အာမခံချက်များ၊ အစီအမံများကို ထိုစာချုပ်တွင် ခိုင်ခိုင်မာမာ ထည့်သွင်းရေးဆွဲထားသည်မှာ ကောင်းမွန်သည့်အချက်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရန်လိုအပ်သကဲ့သို့ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရန်လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံတည်ရှိနေသမျှ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိုလည်း မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်သည်။

တိုင်းပြည်ငြိမ်းချမ်းရေးကို လက်နက်ကိုင်ဖြေရှင်း၍မရနိုင်ပုံကို နှစ်ပေါင်း ၆၀ ကျော်အဖြေရှာမရဘဲ တိုင်းပြည်နစ်နာဆုံးရှုံးပြီး အဘက်ဘက်က နောက်ကျကျန်ခဲ့သည့် သမိုင်းအထောက်အထားများအရ သိရှိရပြီးဖြစ်သည်။ ထို့ကြောင့် လက်ရှိအစိုးရတာဝန်ယူခဲ့သည့် အချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် ငြိမ်းချမ်းရေးကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၅၂ ဦးဖြင့် ဖွဲ့စည်းကာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လာကြ၍ ယနေ့ကာလတွင် အောင်မြင်မှု အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်သည်။

နှစ်ပေါင်းရှည်ကြာဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်မှာမူ လက်နက်ကိုင်နည်းဖြင့် ဖြေရှင်း၍ မရနိုင်ဘဲ စားပွဲဝိုင်းတွင် ဖြေရှင်းသည့်နည်းဖြင့်သာ အဖြေရနိုင်ကြောင်း နိုင်ငံတော်သမ္မတကြီးက ကြုံကြိုက်သည့်အခါတိုင်း အကြိမ်ကြိမ်အခါခါ ပြောကြားခဲ့ပြီးဖြစ်သည်။ ယခုအခါ စားပွဲဝိုင်းဆွေးနွေးပွဲများကို အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပြီး နိုင်ငံတော်ဘက်က စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဖွဲ့ရှိခြင်းများရှိခဲ့သကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များဘက်ကလည်း စိတ်ရှည်သည်းခံပြီး ဇွဲရှိရှိဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့ကြသောကြောင့် အခြေအနေကောင်းသော ယခုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မိမိတို့အားလုံး လိုလားသော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွလက်တွဲဆောင်ရွက်ကြရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး တူညီသောစိတ်ထားဖြင့် တိုင်းပြည်အကျိုးကို ရှေးရှုဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။



# မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်(၁၃၂)ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မိတ္ထီလာမြို့ မြို့မရပ်ကွက်တွင် တည်ထား ကိုးကွယ်လျက်ရှိသော သမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီး၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ရာ ပြခန်းများအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ နေရာချထားရေး၊ ဆိုင်ခန်းများ၊ ပြခန်းများနေရာချထားရာတွင် ကားအဝင်အထွက် လွတ်ကင်းရန်နှင့် အနီးဝန်းကျင်ရှိ အိမ်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ဆိုင်ခန်းရှင်၊ ပြခန်းရှင်များအား ပွဲတော်ကျင်းပပြီးစီးပါက မိမိနေရာဝန်းကျင်ကို ဂေါပကအဖွဲ့နှင့် ညှိနှိုင်းပြီး သန့်ရှင်းရေးစနစ်တကျ ဆောင်ရွက်သွားရန်၊ မိတ္ထီလာကန်အတွင်း နှစ်စဉ်မြန်မာ့ရိုးရာ ယဉ်ကျေးမှု လှေပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ပြိုင်ပွဲဝင်အသင်းများ ဖိတ်ခေါ်ဆောင်ရွက်ရန်၊ ပြိုင်ပွဲဝင်အသင်းများကို ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းဆောင်ရွက်သည့်လုပ်ငန်းတာဝန်များကို ဆိုင်ခန်း၊ ပြခန်းများ နေရာချထားရေး လုပ်ငန်းကော်မတီ၊ လှေပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးသွားမည်ဖြစ်သည်။

ထို့နောက် ပွဲတော်ကျင်းပနေစဉ်အတွင်း ဘုရားပွဲတော်သို့ လာရောက်လှူဒါန်းသော ငွေပဒေသာပင်များအား ကြိုဆိုလက်ခံဆောင်ရွက်ရန်၊ နေ့ရက်အလိုက် လှူဒါန်းငွေများကို စနစ်တကျ ရေတွက်ထားရှိရန်၊ သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် ဆက်သွယ်၍ ပွဲတော်ဈေးတန်းများ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ပွဲတော်ကာလအတွင်း လျှပ်စစ်မီးမပြတ်တောက်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ မီးကြိုးသွယ်တန်းမှုအား ယာဉ်သွား၊ ယာဉ်လာလွတ်ကင်းအောင် တပ်ဆင်သွားရန်၊ ဓာတ်အားအလေအလွင့်မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပွဲတော်အတွင်း ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့်ဆေးဝါးများ ပြည့်စုံစွာဆောင်ရွက်ပေးရန်တို့အတွက် ကော်မတီများဖွဲ့စည်းပြီး သမိုင်းဝင်ဖောင်တော်ဦးစေတီတော်မြတ်ကြီး(၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကင်ဆာရောဂါပညာရပ်ဆိုင်ရာ အဖွဲ့နှင့်ပူးပေါင်းပြီး ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015)ကို အောက်တိုဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ် (Sule Shangri-La Hotel)၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ကင်ဆာရောဂါ စောစီးစွာတွေ့ရှိခြင်းနှင့်အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကုသမှုခံယူစေခြင်းဖြင့်ကင်ဆာရောဂါကုသမှု ပိုမိုအောင်မြင်စေနိုင်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ပိုမိုဂရုပြုမိလာစေရန် ရည်ရွယ်၍ **"စောစီးစွာတွေ့ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီထိရောက်စွာကုသမှုခံယူစေခြင်းဖြင့် ကင်ဆာရောဂါကုသအောင်မြင်နိုင်သည်"** ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကင်ဆာရောဂါလူနာများအား ဆေးကုသရာတွင် အတူပူးပေါင်းဆောင်ရွက်ရသော ကင်ဆာဆေးပညာ၊ ကင်ဆာဓာတ်ရောင်ခြည်ပညာ၊ ရောဂါဗေဒပညာ၊ ဓာတ်မှန်ပညာ၊ အထွေထွေဆေးကုပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာနှင့် ကလေးဆေးပညာစသည့် ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆွေးနွေးဟောပြောမည်ဖြစ်ပြီး အတွေ့အကြုံများ နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ အထွေထွေရောဂါကုဆရာဝန်များ၊ ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်များနှင့်ဘွဲ့လွန်သင်တန်းသားများ တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်ထားပြီး ဆွေးနွေးပွဲတက်ရောက်မည့် လူဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၉- ၇၃၁၅၄၉၇၄၊ ၀၉ ၅၁၅၄၀၄၇၊ ၀၁ ၅၃၂၄၃၈ နှင့် ၀၁ ၅၃၂၄၄၇ တို့သို့ စက်တင်ဘာ ၂၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပေါ်ဆန်းရင် ဧက ၅၀ စံပြကွက်၌ စုပေါင်းမြေသြဇာကြဲပက်

**မုဒုံ စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ပရံ ကျေးရွာ ကွင်းအမှတ်(၈၅၄ ^က^၂)တွင် စိုက်ပျိုးထားသည့် မိုးစပါးပေါ်ဆန်းရင် **GAP**ဧက ၅၀ စံပြကွက်၌ မြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လိုက်နာဆောင်ရွက်၍ အထွက်နှုန်းမြင့်တက်မှသာ ဝင်ငွေပိုမိုရရှိပြီး ဒေသဝမ်းစာဖူလုံပိုလျှံမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်စိုက်ခင်းများ၊ မျိုးစေ့သန့်စင်မှုရရှိရန်အတွက် မျိုးကွဲနုတ်ပယ်ခြင်းကို အပင်ပွားစုံချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် သဘာဝမြေသြဇာ(ကြက်ချေး၊ နွားချေး) နှင့် ယူရီးယားမြေသြဇာကို သုံးအိတ်တစ်အိတ်နှုန်း တစ်ညရောနှပ်ပြီးသုံးပါက ပိုမိုအကျိုးရှိ ထိရောက်ပုံတို့ကို ပြောကြားခဲ့သည်။ **ကိုချစ်(မုဒုံ)**




ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးချွား)
အထူးသတင်းထောက် - သုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

# အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးစည်းဝေး



**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ အာဆီယံ-လူမှုရေး ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၁၁ ရက်တွင် အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သော အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ပုဂံမြို့တွင် ကျင်းပမည့် Ancient Cities Network: Preservation and Conservation Management of Bagan Ancient City အလုပ်ရုံ ဆွေးနွေးပွဲသည် အမွေအနှစ်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအတွက် ယူနက်စကို၏ လုပ်ဆောင်ချက်များနှင့် တစ်မူတည်းဖြစ်ရန်လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ပညာရှင်များ လာရောက်သည့်အခါ ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးစီမံခန့်ခွဲမှုကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အကြံပြုချက်များရယူကြရန်လိုအပ်ကြောင်း၊ ပုဂံဒေသကို World Heritage အမည်စာရင်း တင်သွင်းရန် လုပ်ဆောင်နေသော Preservation နှင့် Conservation ဆိုင်ရာကိစ္စများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ Disaster Management အတွက်လည်း ထည့်သွင်းဆွေးနွေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ပုဂံမြို့တွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံများမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တစ်နိုင်ငံလျှင် သုံးဦး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်နှင့် ယူနက်စကိုအကြံပေး ဩစတြေးလျနိုင်ငံ University of Sydney မှ ကျွမ်းကျင်ပညာရှင်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ရွေးကောက်ပွဲမဲပေးရာတွင် ကလေးသူငယ်အခွင့်အရေးကို လုပ်ပေးနိုင်မည့်သူကို မဲထည့်နိုင်ရန် လှုပ်ရှားမှုတစ်ခုပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများပိုမိုရရှိရန် ရည်ရွယ်၍ "ကလေးများအတွက် မဲပေးပါ"ဟု အမည်ပေးထားသည့် လှုပ်ရှားမှုတစ်ရပ်ကို စက်တင်ဘာ ၉ ရက်မှစ၍ ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၈ ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းလှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်မည့် NGO Child Rights Working Group- NCRWG အဖွဲ့မှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

အဆိုပါ လှုပ်ရှားမှုနှင့်ပတ်သက်၍ NCRWG အဖွဲ့ဝင် Save the Children အဖွဲ့မှ ဒေါ်နီနီလှက "လာမယ့်ရွေးကောက်ပွဲဝင်အရွေးခံမယ့် လွှတ်တော်အမတ်တွေအနေနဲ့ နိုင်ငံအနာဂတ်နဲ့ ဖွံ့ဖြိုးရေးအတွက် အရေးကြီးတဲ့ကလေးတွေရဲ့အရေးကိစ္စကို အာရုံစိုက်ပြီးအလုပ်လုပ်မယ့် နိုင်ငံရေးသမားတွေကိုသာ မဲပေးဖို့တောင်းဆိုမှာပါ။ ကလေးမိဘတွေအနေနဲ့လည်း သူတို့သားသမီးတွေရဲ့ အနာဂတ်အတွက် စဉ်းစားပြီး မဲပေးနိုင်ဖို့အတွက်ပါ" ဟုပြောသည်။

ယင်းလှုပ်ရှားမှုကို မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရပြီး အင်န်ဂျီအိုအဖွဲ့အစည်း ၅၀ ကျော်နှင့်အတူ အဆိုပါ ဒေသအတွင်းနေထိုင်သည့် ကလေးသူငယ်များပါ ပါဝင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း NCRWG အဖွဲ့မှ ဒေါ်ခင်ခင်ထွေးက ပြောသည်။

"ကလေးတွေဟာ လက်ရှိလူမှုစနစ်တစ်ခုအောက်မှာရှိတဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေရဲ့ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်ဖြတ်သန်းနေသူတွေပါ။ ဒါ့အတွက်ကြောင့် သူတို့လေးတွေဟာ ဒီလူမှုစနစ်တစ်ခု ကောင်းမွန်စွာလည်ပတ်ဖို့ မူဝါဒရေးဆွဲမယ့်သူတွေကို တိုက်ရိုက်အကြံပေးပြီး အတွေ့အကြုံတွေကို တင်ပြမှာပါ" ဟု ဒေါ်ခင်ခင်ထွေးက ပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် ကလေးများဖြစ်ကြပြီး ထိုကလေးများထံတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကလေးငယ်များ၏ လိုအပ်ချက်များကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်ကြောင်း NCRWG မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုဆိုရင် ကျွန်တော်တို့လို ကလေးတွေမှာ အခွင့်အရေးချိုးဖောက်ခံရမှုတွေ ကြုံနေရတယ်။ တောင်းရမ်းခိုင်းမှုတွေ၊ ကလေးအလုပ်သမားကိစ္စတွေ၊ ကလေး တွေအပေါ်မှာ အလေးအနက်မထားဘဲ လျစ်လျူရှုခြင်းခံရတာတွေ ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့်ကလေးတွေရဲ့ တွေ့ကြုံခံစားနေရတာတွေ၊ အခွင့်အရေး ချိုးဖောက်ခံနေရတာတွေကို ကိုယ့်အရပ်ဒေသမှာသိအောင် ဒီကမ်ပိန်းနဲ့အတူ လုပ်သွားမယ်။ ပြီးရင်ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေနဲ့တွေ့ပြီး ကိုယ့်အတွေ့အကြုံတွေကို တင်ပြမယ်"ဟု ယင်းလှုပ်ရှားမှုတွင်ပါဝင်မည့် လှိုင်သာယာမြို့နယ်မှ ကလေးကိုယ်စားလှယ်ဖြစ်သူ မောင်ဇင်မင်းသူက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အသက် (၅)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေး ၄ ဒသမ ၄ သန်းသည် ကျောင်းမတက်ကြတော့ကြောင်း၊ အသက် (၁၀)နှစ်မှ (၁၈)နှစ်ကြားကလေးငယ် ၁၆ သန်းသည် အလုပ်လုပ်နေရကြောင်း၊ ၂ ဒသမ ၃ သန်းသော ကလေးငယ်များသည် အိမ်သာ သုံးစွဲနိုင်ခြင်းမရှိသေးကြောင်း ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ အချက်အလက်များအရ သိရသည်။

**သီဟသူ**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနှင့် အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ Call Center ဖုန်းနံပါတ်များ ပြင်ဆင်ပြောင်းလဲမှု အသိပေးကြေညာခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ရုံးချုပ်)မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီး သုံးစွဲသူပြည်သူများအား လျှပ်စစ်ဓာတ်အားသုံးစွဲမှုများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် မီးသုံးသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများအတွက် ဆက်သွယ်သတင်းပေးဆောင်ရွက်လိုပါက ယခင်ထုတ်ပြန်ကြေညာထားသည့် Call Center ဖုန်းနံပါတ်များအစား အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| ယခင် Call Center ဖုန်းနံပါတ် | ပြင်ဆင်ပြောင်းလဲသည့် ဖုန်းနံပါတ် |
|---|---|
| (က) ၀၁-၂၁၅၁၄၆ | (က) ၀၁-၂၃၀၂၂၈၅ |
| (ခ) ၀၁-၂၁၅၁၄၇ | (ခ) ၀၁-၂၃၀၂၂၈၆ |
| (ဂ) ၀၁-၂၁၅၁၄၈ | (ဂ) ၀၁-၂၃၀၂၂၈၇ |
| (ဃ) ၀၁-၂၁၅၁၄၉ | (ဃ) ၀၁-၂၃၀၂၂၈၉ |
| (င) ၀၁-၂၁၅၆၆၆ | (င) ၀၁-၂၃၀၂၂၈၈ |

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲဆွေးနွေး

**ခရမ်း စက်တင်ဘာ ၁၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် lift fund တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရန်အတွက် မြို့နယ်အဆင့်ဒေသဆိုင်ရာဖွံ့ဖြိုးရေး အခွင့်အလမ်းများနှင့် ချိတ်ဆက်ရေးဆွဲနိုင်ရန် lift fund မှRura Development specialist ဖြစ်သူ ဦးကျော်နိုင်နှင့် အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖနှင့် ဌာနဆိုင်ရာ အဖွဲ့တို့အားတွေ့ဆုံ၍ ခရမ်းမြို့နယ်နှင့် ပတ်သက်၍ ဝင်ငွေ၊ ဈေးကွက်လုပ်ငန်း အခွင့်အလမ်းများအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**✿ အင်းဝမှ**

"ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာ ရှေးယခင်ကတည်းက ဗုဒ္ဓသာသနာထွန်းကားခဲ့ပြီး ယဉ်ကျေးမှုအဆင့်အတန်းနဲ့ ဆောက်လုပ်ရေးဗိသုကာအတတ်ပညာတွေ မြင့်မားခဲ့တယ်ဆိုတာကို အနုပညာလက်ရာတွေနဲ့ သက်သေပြချင်လို့ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းလုပ်ငန်းတွေနဲ့ ပြန်လည်တူးဖော်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လလောက်ကတည်းက အင်းဝနန်းတော်အုတ်ခုံ ပြန်လည်တူးဖော်မှုလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့တာပါ။ အခုချိန်မှာ ချုံနွယ်များရှင်းလင်းမှုတွေနဲ့ နန်းတော်အုတ်ခုံရှေးမူလက်ရာမပျက် ပြန်လည်ဖော်ထုတ်မှုတွေကို ဆောင်ရွက်နေပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုအချိန်တွင် အင်းဝနန်းတော်အုတ်ခုံတောင်ဘက်ခြမ်းကို ပြန်လည်တူးဖော်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး နောက်ပိုင်းတွင် အရပ်လေးမျက်နှာပြည့်အောင် တူးဖော်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"အခုပြန်လည်တူးဖော်မှုလုပ်ငန်းတွေမှာ နန်းတော်အုတ်ခုံ မူလလက်ရာမပျက်အောင် ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ လုပ်သားတွေက ဆောင်ရွက်နေပါတယ်။ နန်းတော်အုတ်ခုံမူလလက်ရာအတိုင်း အားလုံးတူးဖော်ပြီးသွားရင်တော့ နောက်ပိုင်းမှာ အုတ်ခုံရဲ့မူလလက်ရာအတိုင်း အစားထိုးစနစ်နဲ့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အင်းဝနန်းတော်အုတ်ခုံ၏ အကျယ်အဝန်းမှာ အရပ်မျက်နှာ မြို့ရိုးအရှေ့၊ အနောက် အရှည်ပေ ၁၄၈၀ နှင့် တောင်၊ မြောက်အရှည်ပေ ၁၁၀၀ ရှိပြီး တူးဖော်မှုလုပ်ငန်းများအားလုံး နှစ်လနီးပါးကြာမြင့်မည် ဖြစ်သည်။

ထို့အပြင် နန်းတော်အုတ်ခုံတူးဖော်မှုလုပ်ငန်းများပြီးစီးသွားလျှင် နန်းတော်အုတ်ခုံအတွင်းရှိနိုင်သည့် ဘာသာရေးကုန်းများနှင့် လူနေကုန်းများကိုလည်း ဆက်လက်တူးဖော်သွားရန်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံတွင် Young Leader's Programme (YLP)of Japanese Government Scholarship အရ စက်တင်ဘာလတွင် ဖွင့်လှစ်မည့် MBA တစ်နှစ်သင်တန်း တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင်ဒေါ်ဟေမာစိုးသည် စက်တင်ဘာ ၈ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# စင်ကာပူရွေးကောက်ပွဲ အာဏာရပါတီ ‘ပီအေပီ’ မဲအပြတ်အသတ်ဖြင့် အနိုင်ရ




**စင်ကာပူ စက်တင်ဘာ ၁၂**

စင်ကာပူရွေးကောက်ပွဲတွင် စင်ကာပူနိုင်ငံ၏ အာဏာရပါတီ ‘ပီအေပီ’က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

ပီအေပီပါတီအနေဖြင့် မဲအပြတ်အသတ်အနိုင်ရရှိခြင်းမှာ ပြည်သူများ၏ ဆန္ဒကိုဖော်ပြနေပါကြောင်းနှင့် ထိုသို့ ယုံကြည်မှုအပြည့်ဖြင့် ထောက်ခံအားပေးမှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပီအေပီပါတီ၏ အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်လီရှန်လွန်းက ဆိုသည်။ လွှတ်တော်အမတ်နေရာ ၈၉ နေရာကို ၎င်း၏ပီအေပီပါတီက ၈၃ နေရာအနိုင်ရခဲ့ကြောင်းနှင့် စင်ကာပူပြည်သူများက နိုင်ငံ၏ပြည်တွင်းရေးပြဿနာများ ဖြေရှင်းရာတွင် သဘောထားကွဲလွဲစေသော နည်းလမ်းများထက် ဆင်ခြင်တုံတရားကို အခြေခံသည့် နည်းလမ်းများကို ပိုမိုနှစ်သက်ကြသည့်အတွက် ယခုကဲ့သို့ တစ်ခဲနက်ထောက်ခံအားပေးမှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပီအေပီပါတီက မဲအနိုင်ရရှိမှုနှုန်း ၆၉ ဒသမ ၈၆ ရာခိုင်နှုန်းရှိပြီး ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲထက် ပြည်သူများ၏ ထောက်ခံမှု ၁၀ ရာခိုင်နှုန်းပိုမိုများပြားလာသည်ကိုတွေ့ရသည်။ ပီအေပီပါတီအနေဖြင့် လာမည့်သက်တမ်းမှာလည်း ပြည်သူများလိုလားသည့် အခြေခံလိုအပ်ချက်များ၊ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် အစစအရာရာချို့ငဲ့သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ အတိုက်အခံအလုပ်သမားများပါတီက အမတ်နေရာ ခြောက်နေရာသာအနိုင်ရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

## ရေဘေးသင့်ဒေသသို့ ဂျပန်ဝန်ကြီးချုပ်အာဘေး သွားရောက်

**တိုကျို စက်တင်ဘာ ၁၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် တိုကျိုမြို့တော် အရှေ့မြောက်ဘက် အိုင်ဘာရာကီစီရင်စုရှိ ဂျိုဆိုရေဘေးသင့်ဒေသသို့ သွားရောက်ခဲ့ပြီး အစိုးရအနေဖြင့် ပျောက်ဆုံးနေသူများကို ရှာဖွေရန်၊ သောင်တင်နေသူများကိုကယ်ဆယ်ရန်နှင့် အသက်ရှင်ကျန်ရစ်သူများ၏ဘဝများ ပြန်လည်တည်ဆောက်ရန် အကောင်းဆုံးဆောင်ရွက်သွားမည်ဟု ကတိပြုလိုက်သည်။

စံချိန်တင်မိုးရွာသွန်းမှုကြောင့် ကင်နူဂါဝါမြစ် တာပေါင်ရိုးကျိုးသွားခဲ့ပြီး ဂျိုဆိုမြို့တော်တစ်ဝန်း ရေလွှမ်းသွားခဲ့ခြင်းဖြစ်သည်။ အာဘေးသည် မြစ်တစ်ဖက်ကမ်းမှ မြစ်ကမ်းပါးအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည့်အတွက် ပျက်စီးမှုအခြေအနေကိုလည်း နားလည်သဘောပေါက်စေခဲ့ကြောင်း သတင်းထောက်များသို့ ပြောကြားသည်။ ဒေသခံအများအပြားမှာ ဆက်သွယ်မှုပြတ်တောက်နေဆဲဖြစ်ပြီး အစိုးရအနေဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ရန် ဖြစ်နိုင်သမျှနည်းလမ်းအားလုံး ပြုလုပ်မည်ဟု ၎င်းကဆိုသည်။

တာဝန်ရှိသူများအနေဖြင့် လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ၊ တပ်မတော်သားများနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည်ဖြစ်ကြောင်း၊ အသက်ရှင်ကျန်ရစ်သူများက အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေသော်လည်း အစိုးရက ၎င်းတို့၏ဘဝများ ပြန်လည်တည်ဆောက်ရေးတွင် ကူညီရန် အစွမ်းကုန်ဆောင်ရွက်ပေးမည်ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**





## အိန္ဒိယနိုင်ငံ အလယ်ပိုင်းမြို့တစ်မြို့မှ စားသောက်ဆိုင်တစ်ဆိုင်တွင် ဓာတ်ငွေ့အိုးပေါက်ကွဲမီးလောင်၍ လူ ၈၉ ဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ မြို့တစ်မြို့မှ စားသောက်ဆိုင်တစ်ဆိုင်တွင် စက်တင်ဘာ ၁၂ ရက်က အစားအစာချက်ပြုတ်သည့် မီးဖိုမှဓာတ်ငွေ့အိုးပေါက်ကွဲမှု ဖြစ်ပွားပြီး ယင်းဆိုင်အနီးရှိ ပေါက်ကွဲပစ္စည်းများ သိုလှောင်ရုံတစ်ခုသို့ မီးကူးစက် လောင်ကျွမ်းခြင်းကြောင့် လူ ၈၉ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၏ တောင်ဘက် ကီလိုမီတာ ၈၀၀(မိုင် ၅၀၀)အကွာရှိ မက်ဒရာပရာဒေ့ရှ်ပြည်နယ် ပက်လာဝတ်မြို့ရှိ အဆိုပါ စားသောက်ဆိုင်တွင် နံနက်စာစားသုံးရန် လူအများ စုဝေးရောက်ရှိနေစဉ် ဓာတ်ငွေ့အိုးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေမှာ ၆၀ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်သားများက ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများ၏ အုတ်ကျိုးအုတ်ပဲ့များအောက်မှ သေဆုံးသူ ရုပ်အလောင်းများကို ဆွဲထုတ်ယူလျက်ရှိပြီး သေဆုံးသူအရေအတွက်မှာ တိုးမြင့်လာမည်ဟု မျှော်လင့်ရကြောင်း အခြားရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

## တရုတ်-မလေးရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် တရုတ်စစ်သင်္ဘောများ ထွက်ခွာ

**ဆန်ညာ စက်တင်ဘာ ၁၂**

တရုတ်နှင့် မလေးရှားနိုင်ငံတို့ ပူးတွဲကျင်းပသည့် စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် တရုတ်ရေတပ်မှ စစ်ရေယာဉ်စုများသည် နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဆန်ညာမြို့ရှိ ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာသွားကြောင်း သိရသည်။

“ငြိမ်းချမ်းရေးနှင့်ချစ်ကြည်ရေး(၂၀၁၅)” ဟု အမည်ပေးထားသည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို မလက္ကာရေလက်ကြားနှင့် ပတ်ဝန်းကျင်ရေပိုင်နက်တွင် ယခုလ ၁၇ ရက်မှ ၂၂ ရက်ထိ ကျင်းပရန် စီစဉ်ထားပြီး ပူးတွဲစောင့်ကြပ်မှု၊ ပူးတွဲရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ပြန်ပေးဆွဲခံထားရသည့် သင်္ဘောများအားကယ်တင်မှု၊ လက်နက်များ အသုံးပြုမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ စသည့်လေ့ကျင့်မှုများ ပါဝင်မည်ဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုမှာ တရုတ်နှင့် အရှေ့တောင်အာရှမှ နိုင်ငံတစ်နိုင်ငံတို့အကြား အကြီးမားဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် တပ်မတော်နှစ်ခုကြား ပထမဆုံး ပူးတွဲလေ့ကျင့်မှုဖြစ်လာမည်ဖြစ်သည်။ ဝေဟင်၊ မြေပြင်နှင့် ရေပြင်တပ်ဖွဲ့များကို ညှိနှိုင်းဆောင်ရွက်ပေးရန် နှစ်နိုင်ငံတပ်ဖွဲ့များက ပူးတွဲကွပ်ကဲမှုဌာနတစ်ခု တည်ထောင်မည်ဖြစ်သည်။

တရုတ်နိုင်ငံမှ ခင်းကျင်းပြသမည့် လက်နက်ကြီးများတွင် ဒုံးကျည်တပ် ဖျက်သင်္ဘောတစ်စင်း၊ ဖရီးဂိတ်သင်္ဘောတစ်စင်း၊ ဆေးရုံသင်္ဘောတစ်စင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်လေးစင်းနှင့် ရဟတ်ယာဉ်သုံးစင်း ပါဝင်မည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုမှာ တရုတ်-မလေးရှား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မာလာစေရန်၊ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ဖလှယ်မှုများကို မြှင့်တင်ရန်၊ လုံခြုံရေးခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်စွမ်းတိုးတက်စေရန်နှင့် ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးကို ပူးတွဲစောင့်ရှောက်ရန် ရည်ရွယ်ကြောင်း တရုတ်ရေတပ်မှ ရေယာဉ်စုကိုကွပ်ကဲသူ ဟူဝေဟွာက ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုမှာ တတိယတိုင်းပြည်တစ်ခုကို ပစ်မှတ်ထားခြင်းမဟုတ်သလို ဒေသတွင်းအခြေအနေနှင့်လည်း ပတ်သက်မှုမရှိကြောင်း ၎င်းက ဆိုသည်။

**ဆင်ဟွာ။**

# လေယာဉ်ပစ်ဒုံးလက်နက်စနစ်တစ်ခုကို ရုရှားက ဆီးရီးယားသို့ ပေးပို့လျက်ရှိဟုဆို

**ဝါရှင်တန် စက်တင်ဘာ ၁၂**

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံသို့ လေယာဉ်ပစ်ဒုံးလက်နက်စနစ်တစ်ခုကို ပေးပို့လျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူနှစ်ဦးနှင့် ရုရှားသတင်းရပ်ကွက်တစ်ခုတို့က အတည်ပြု ပြောကြားကြကြောင်း ရိုက်တာသတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား စစ်ရေးအရ အကူအညီပေးမှုကို တိုးမြှင့်ပြုလုပ်သည့် လက္ခဏာတစ်ရပ်အဖြစ် အဆင့်မြင့်နည်းပညာသုံး လေယာဉ်ပစ်ဒုံးလက်နက်စနစ်တစ်ခုကို ပေးပို့ခြင်းဖြစ်ကြောင်း အနောက်တိုင်းနိုင်ငံမှ တာဝန်ရှိသူများက ပြောကြားကြသည်။

ဆီးရီးယားနိုင်ငံသို့ ပေးပို့သည့် လေယာဉ်ပစ်ဒုံးလက်နက်ကို ဆီးရီးယား တပ်ဖွဲ့များက ကိုင်တွယ် အသုံးပြုမည်မဟုတ်ဘဲ ရုရှားတပ်ဖွဲ့များက ကိုင်တွယ်အသုံးပြုမည်ဟုဆိုသည်။ ယင်းဒုံးလက်နက်ကို ဆီးရီးယားနိုင်ငံသို့ ပို့ဆောင်နေဆဲဖြစ်ပြီး ယခုအချိန်အထိ ယင်းနိုင်ငံသို့ မရောက်ရှိသေးကြောင်း အမည်မဖော်သူ အနောက်တိုင်း သံတမန်တစ်ဦးက ပြောကြားသည်။

ဆီးရီးယားသို့ ပေးပို့သော ဒုံးလက်နက်မှာ အက်စ်အေ-၂၂ အမျိုးအစားဖြစ်ပြီး ယင်းဒုံးလက်နက်စနစ်တစ်ခုလုံး ယင်းနိုင်ငံသို့ မရောက်သေးသော်လည်း ထိန်းချုပ်ရေးစနစ်အစိတ်အပိုင်းအချို့ကို လာတာကီယာမြို့အနီးရှိ လေယာဉ်ကွင်းတစ်ခုတွင် တပ်ဆင်ထားပြီးဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူ နှစ်ဦးက သီးခြားစီ အတည်ပြု ပြောကြားကြသည်။ လာတာကီယာမြို့သည် သမ္မတအာဆတ်၏ ခြေကုပ်စခန်းမြို့ဖြစ်သည်။

လာတာကီယာမြို့အနီးရှိ လေယာဉ်ကွင်း၌ လေကြောင်းကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန် ရုရှားနိုင်ငံက ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဆေးရုံများတွင် ပြည်သူများကျန်းမာရေးစရိတ် ကိုယ်တိုင်စိုက်ထုတ်မှုလျော့ကျစေရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေး ဦးစီးဌာန ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန် ကျန်းမာရေးဦးစီးဌာနကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေး ဦးစီးဌာနဟူ၍ ဦးစီးဌာန နှစ်ခုဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကုသရေး ဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ဆေးရုံများ၏ စီမံခန့်ခွဲမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် အလုပ်တာဝန်များပြားသလို အင်အားလည်းများပြီး ကျန်းမာရေး ဝန်ကြီးဌာန၏ မျက်နှာစာအဖြစ် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။


ကုသရေးဦးစီးဌာနကို Department of Medical Services ဟု အမည်ပေးထားပြီး အဓိက တာဝန်များမှာ ဝန်ဆောင်မှုတိုးချဲ့ပေးနိုင်ရေး၊ အရည်အသွေးတိုးတက်မြင့်မားရေးနှင့် ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ တာဝန်သုံးရပ်ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီးများ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဦးတည်ရမည့်အချက်မှာ ပြည်သူများမှ ကျန်းမာရေးအတွက် ကိုယ်တိုင်စိုက်ထုတ်ကျခံသုံးစွဲရမှု လျော့ကျစေရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က လုပ်ငန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများက မိမိတို့ဆေးရုံကြီးများ အလိုက် ကုသရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ၊ ဗဟိုအဆင့် ကွပ်ကဲရေးမှူးများ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးများက မိမိတို့ သက်ဆိုင်ရာဒေသများအလိုက် ကုသရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဆွေးနွေးပြီး ရှင်းလင်းဆွေးနွေးမှုများအပေါ် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က ခြုံငုံသုံးသပ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ကလေးတက္ကသိုလ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာနယ်ဇင်းနှင့်ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်

သတင်းနှင့်ဓာတ်ပုံ - သီသီမင်း

ကလေး စက်တင်ဘာ ၁၂

**ကလေးတက္ကသိုလ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာနယ်ဇင်းနှင့်ပြည်သူ့ဆက်ဆံရေးသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ် ကဘော်ခန်းမ(၃) တွင် ကျင်းပသည်။**

**အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာဆက်ဆံရေး၊ သတင်းမီဒီယာဆိုင်ရာဥပဒေများနှင့် ကျင့်ဝတ်စသည့် ခေါင်းစဉ်များနှင့် ဆွေးနွေးပို့ချပေးပြီး ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က သတင်းနှင့် သတင်းထုတ်ပြန်ခြင်း၊သတင်းပညာနှင့် သတင်းထုတ်ဝေခြင်းစသည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးပို့ချပေးကြသည်။**


0;&wil


a'{u|wmoe|;0i|;


a'{u|wma':wi|xe|;ar


0;aZmri|;o|

**ဦးရဲတင့် (သင်တန်းနည်းပြ)**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန)**

ကျွန်တော်က ပြည်သူ့ဆက်ဆံရေးနဲ့ မီဒီယာအခန်းကဏ္ဍကို ပို့ချပေးမှာပါ။နောက်တစ်ခုက လက်ရှိထုတ်ဝေသူများ၊လက်ရှိပြဌာန်းပြီးသားဖြစ်တဲ့ သတင်းမီဒီယာ ဥပဒေနဲ့ ပတ်သက်တဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းဆိုင်ရာဥပဒေတွေနဲ့ ပတ်သက်တဲ့ အချက်ကလေးတွေကို သိအောင် ရှင်းပြမှာပါ။ လက်ရှိသွားနေတဲ့ ဒီမိုကရေစီခေတ်မှာ ပြည်သူ့ဆက်ဆံရေးဟာ မလုပ်ရင်မဖြစ်ဘူး။ မလုပ်ရင် မရဘူး လုပ်ဖို့လိုအပ်တယ်။ဒါလုပ်မှသာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးပီပီပြင်ပြင် ဖြစ်မယ်ဆိုတဲ့အကြောင်းကို သင်တန်းသား၊သင်တန်းသူတွေ သိအောင် ဆွေးနွေးပို့ချပေးခြင်းဖြစ်ပါတယ်။

သတင်းမီဒီယာကဏ္ဍမှာ လက်တွေ့ဖြစ်ပျက်နေတဲ့သတင်းကို ပြည်သူတွေ အမှန်ကန်ဆုံးသိဖို့အတွက် ရာနှုန်းပြည့်လိုအပ်တယ်။ အဓိကကတော့ မီဒီယာသမားဟာ ကျင့်ဝတ်ကိုစောင့်ထိန်းရမှာပဲ။ ကျင့်ဝတ်လိုက်နာနိုင်ဖို့လိုတယ်။ထိုက်သင့်တဲ့ အတွေ့အကြုံရှိဖို့လိုတယ်။ သတင်းပေါ်မှာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း ဒါတွေဟာ အများကြီးလိုအပ်ပါတယ်။ မီဒီယာလုပ်ငန်းတစ်ခုဟာ သူတို့ရဲ့ ရေးသားဖော်ပြမှုဟာ များစွာ အကျိုးသက်ရောက်မှု ရှိတဲ့အတွက် မီဒီယာသမားဟာ တော်တဲ့မှန်ကန်စွာ ကျင့်ဝတ်နဲ့အညီလုပ်နိုင်ဖို့ အရေးကြီးပါတယ်။ သတင်းမီဒီယာနဲ့ ပတ်သက်လို့ တက္ကသိုလ်ဆရာ ဆရာမတွေလည်းသိဖို့ လိုအပ်ပါတယ်။ သူတို့က ကလေးတွေကိုပညာသင်ပေးနေတဲ့သူတွေပဲလေ။ ကလေးတွေက နောင်အခါမှာ နိုင်ငံ့ခေါင်းဆောင်တွေဖြစ်မလား။ အကြီးအကဲတွေဖြစ်မလား။ လူကြီးတွေဖြစ်မလား ဒီထဲကပဲ မီဒီယာသမားတွေ ပေါ်လာမလား၊ ဂျာနယ်လစ်တွေဖြစ်လာမလား မသိဘူးလေ။ ဒီအတွက် သူတို့က သူတို့ရဲ့ တပည့်တွေကို ကျောင်းသားကျောင်းသူတွေကို ပြန်လည်ပြီး ဝေမျှနိုင်တာရှိသလို သူတို့ကိုယ်တိုင်လည်း မီဒီယာရဲ့ သဘောသဘာဝကိုနားလည်လာမယ်။သူတို့ကိုယ်တိုင်က မီဒီယာလုပ်ငန်း စွမ်းဆောင်နေရတာပဲ။ မီဒီယာဆိုတာ အဖွဲ့အစည်းနဲ့ ပြည်သူကြားမှာ ဆက်စပ်ပေးနေရတဲ့ ပေါင်းစည်းပေးနေရတဲ့ သူတွေဖြစ်တဲ့အတွက် ဆရာ ဆရာမတွေကလည်း ကိုယ်တိုင်သိဖို့လိုတယ်။ သူ့တပည့်တွေကိုလည်း မီဒီယာနဲ့ပတ်သက်လို့ သင်ကြားပေးဖို့လိုတာပေ့ါ။ ဒါကြောင့် ဒီကလေးတတက္ကသိုလ်နဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ဖွင့်လှစ်ပေးတာပါ။ အဓိကက ပါမောက္ခချုပ်ကြီးက အကူအညီတောင်းပြီး သူ့တက္ကသိုလ်က ကျောင်းသားကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေကို မီဒီယာနဲ့ ပတ်သက်တဲ့ ဗဟုသုတရစေချင်ပါတယ်။

**ပါမောက္ခချုပ် ဒေါက်တာသန်းဝင်း**
**(ကလေးတက္ကသိုလ်)**

ဆရာက အရင် ၂၀၁၁ ခုနှစ်က ရန်ကုန်မြို့ ဗိုလ်တထောင် အမျိုးသား စီမံခန့်ခွဲမှု ပညာကောလိပ်မှာ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီကောလိပ်မှာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ပေါင်းပြီးတော့ ဂျာနယ်လစ်ဇင်သင်တန်း ရှိတယ်။ ဟိုတယ်/ခရီးကဖွင့်တဲ့ Tourism သင်တန်းရှိတယ်။သင်တန်းမှာ အဲဒီကျောင်းက အတွေ့အကြုံတွေကို ယူပြီးတော့ ကလေးတက္ကသိုလ်မှာလည်း ဒီဘာသာရပ်တွေကို ဖွံ့ဖြိုးအောင်လုပ်ချင်တဲ့ဆန္ဒနဲ့ သင်တန်းတွေကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အကူအညီတောင်းပြီးတော့ ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဗိုလ်တထောင်ကောလိပ်ကို ရောက်လာပြီးနောက် မီဒီယာနဲ့ ဆက်ဆံတဲ့အခါမှာ အတွေ့အကြုံဗဟုသုတရတယ်ပေ့ါ။ အဲဒီအတွေ့အကြုံကို ကလေးတက္ကသိုလ်က ကျောင်းသူကျောင်းသားတွေကို သိစေချင်တယ်။ ဖြစ်ပေါ်နေတဲ့ စနစ်တစ်ခုကိုလည်း နားလည်အောင် လက်တွေ့လည်း သဘောပေါက်လာအောင် ဒါကို ဖွင့်ပေးခြင်းဖြစ်ပါတယ်။ ဒါပါနဲ့ဆို နှစ်ခါရှိပါပြီ။ မတ်လတုန်းက ဖွင့်တုန်းက ကျောင်းသူကျောင်းသားမပါဘူး။ အခုတော့ ကျောင်းသူကျောင်းသားရော ဆရာဆရာမတွေရောပါတယ်။

**ဒေါက်တာ ဒေါ်တင်ထွန်းမေ**
**(မြန်မာစာပါမောက္ခ၊ဌာနမှူး)**

ကျွန်မတို့က ပြည်သူ့ဆက်ဆံရေးဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ အမြဲတမ်းလုပ်ဆောင်မှုတွေ ရှိပါတယ်။ ဒါပေမယ့် ဒီလုပ်ဆောင်မှုတွေက ပြည်သူ့ဆက်ဆံရေးနဲ့ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာကို အခုမှ သင်တန်းတက်လိုက်တဲ့ အခါကျတော့မှ သိရတယ်။ နောက်ပြီး ဒီလို ပြည်သူ့ဆက်ဆံရေးဟာ ဘယ်လောက်ထိ အရေးပါတယ်။ ပြည်သူ့ဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့ ဥပဒေနဲ့လုပ်ထုံးလုပ်နည်းတွေက ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာ ခုတော့ သေသေချာချာ သိသွားပါပြီ။ မီဒီယာကတော့ ပြည်သူတွေနဲ့ အမြဲတမ်းဆက်ဆံနေရတာဖြစ်တဲ့အတွက် မီဒီယာက စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ပြည်သူနဲ့ အစိုးရကြား၊ လူမှုဝန်းကျင်တစ်ခုလုံးရဲ့ကြားမှာ အရေးပါတဲ့ ကဏ္ဍတစ်ခုလို့မြင်ပါတယ်။ သတင်းမှားတစ်ခုဟာ ပုဂ္ဂိုလ်ရေးတစ်ခုပဲဖြစ်ဖြစ် အစိုးရနဲ့ ပြည်သူကြားပဲဖြစ်ဖြစ် နားလည်မှုလွဲမှားသွားနိုင်ပါတယ်။ ဒီသင်တန်းတက်လိုက်ခြင်းဖြင့် ကျွန်မရဲ့လုပ်ငန်းမှာ အသုံးတဲ့မယ်လို့ထင်ပါတယ်။


ra'{o|v|qe|

**ဦးဇော်မင်းသူ**
**(သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ကလေးတက္ကသိုလ်)**

အရင်ကတော့ မီဒီယာကို သိပ်စိတ်မဝင်စားဘူး။ ပေ့ါပေ့ါတန်တန်ပါပဲ။ ဌာနကိုစာဝင်လာတယ်၊ မီဒီယာသင်တန်းဖွင့်မယ်ဆိုတာကြောင့် တက်ဖြစ်တာပါ။ အခုလတ်တလောရေကြီးတဲ့ကိစ္စမှာ စပြီးတော့ မီဒီယာက တအားအရေးပါမှန်း အနီးစပ်ဆုံးပြောရမယ်ဆိုရင် အဲဒီကနေစပြီး စိတ်ဝင်စားတာပါ။ ဒီသင်တန်းတက်လိုက်ရတော့ အများကြီး အသိပညာရပါတယ်။ အရင်က ဒါတွေ မသိဘူး။ ဂျာနယ်ပဲပါပါ သတင်းစာပဲပါပါ။ရေးသမျှသတင်း ဖတ်သမျှသတင်း အကုန်မှန်တယ် ထင်ခဲ့တာပဲ။ စာသင်နေရင်းနဲ့ကို စိတ်ထဲမှာ နှိုင်းချိန်ဆမိလာတယ်။

**မဒေါသ့်လှဲဆုန်**
**(ဒုတိယနှစ် ဂုဏ်ထူးတန်း၊ မြန်မာစာဌာန)**

ဒီလိုမျိုးသင်တန်းတွေလာဖွင့်တဲ့အတွက် သမီးတို့အနေနဲ့ မီဒီယာနဲ့ ပတ်သက်လို့ ဗဟုသုတတွေအများကြီးရရှိပါတယ်။ ပြန်အသုံးချဖို့ လောလောဆယ်မရှိသေးပါဘူး။ စိတ်ဝင်စားလို့ တက်ဖြစ်တာပါ။ မသိသေးတာတွေသိရလို့ ရှင်းပြသင်ကြားပေးတဲ့ဆရာတွေကို ကျေးဇူးတင်ပါတယ်။။

သင်တန်းသို့ ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသား စုစုပေါင်း ၆၂ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

# ကြေးမုံစာဖတ်ပရိသတ်သို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် အပတ်စဉ် ဖော်ပြပေးနေသော တနင်္ဂနွေ အထူးကဏ္ဍ အချပ်ပို (၈)မျက်နှာကို စာမျက်နှာအခက်အခဲကြောင့် ယခု ၁၃-၉-၂၀၁၅ ရက်နေ့တွင် ထုတ်ဝေခြင်းမပြုပါကြောင်း စာဖတ်ပရိသတ်အား အသိပေးပန်ကြားအပ်ပါသည်။

**စာတည်းအဖွဲ့**

# သဘာဝဘေးနှင့် လူကုန်ကူးမှုအန္တရာယ်

သူရဇော်




ယခုလက်ရှိရေဘေးသင့်ဒေသတွေမှာ နောက်ဆက်တွဲပြဿနာတစ်ခုအနေနဲ့ လူကုန်ကူးမှုများ ဖြစ်ပွားလာနိုင်ခြေရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းနေကြပါပြီ။

ရေဘေးသင့်ဒေသများမှာ စားနပ်ရိက္ခာများ၊ လယ်ယာလုပ်ငန်းများ၊ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ဘဝရပ်တည်ရန်ခက်ခဲသည့်အတွက် လူကုန်ကူးမှု ပိုမိုဖြစ်ပွားလာနိုင်သည်ကို ခန့်မှန်းကြခြင်းဖြစ်ပါတယ်။

"သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာပြီဆိုရင် ပျက်စီးဆုံးရှုံးမှုတွေ ရှိလာမှာဖြစ်ပါတယ်။ အဲဒီပျက်စီးဆုံးရှုံးမှုတွေရဲ့ အတိမ်အနက်ကိုလိုက်ပြီး လူတွေရဲ့ စီးပွားရေးအခြေအနေနဲ့ စားဝတ်နေရေးတွေအပေါ် အကျိုးသက်ရောက်မှုရှိလာမှာဖြစ်ပါတယ်။ အဲဒီအခါ လူတွေက ရေကြည်ရာမြက်နုရာရှာကြရင်း လူလူချင်းခေါင်းပုံဖြတ်အမြတ်ထုတ်ဖို့စောင့်နေတဲ့ ဝိသမလောဘသားပွဲစားတွေနဲ့တွေ့ပြီး လူကုန်ကူးမှုဆိုတာတွေ ဖြစ်လာနိုင်ပါတယ်" ဟု လူကုန်ကူးမှုတိုက်ဖျက်ရေးကို ဆယ်စုနှစ်တစ်ခုကျော်ကြာ လှုပ်ရှားဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဝေါလ်ဗီးရှင်း အင်တာနေရှင်နယ်(မြန်မာ)မှ မစ္စနော်ဂျဲနဗီးကပြောပါတယ်။

"၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ဖြစ်ပေါ်ခဲ့တဲ့ လူကုန်ကူးခံရမှုများကို အခြေခံ၍ ယခုလိုအသိပညာပေးလုပ်ငန်းများကို မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြပါတယ်"ဟု မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးသက်နောင်က ပြောကြားပါတယ်။

"လူကုန်ကူးသူ သို့မဟုတ် လူပွဲစားဆိုတာ သူကျင်လည်ကျက်စားရာဒေသ၊ နိုင်ငံတွေကနေတစ်ဆင့် ကျူးလွန်တာများပါတယ်။ အဓိက လူကုန်ကူးမှုဆိုတာ သူ့အနီးပတ်ဝန်းကျင်က လူတွေပဲဖြစ်ပါတယ်"ဟု လှိုင်သာယာ လူငယ်ကွန်ရက်မှ အသက်(၂၄)နှစ်အရွယ် ကိုရန်ပိုင်ထွန်းက ပြောပါတယ်။

နာဂစ်မုန်တိုင်းအပြီးမှာ လူပေါင်း ၆ ဒသမ ၅ သန်းခန့် သဘာဝဘေးဒဏ်ခံစားခဲ့ရပြီး လူကုန်ကူးမှုပေါင်း ၁၃၄ မှု ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရပါတယ်။

ဘေးသင့်သူများအား လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာလူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမယ်လို့ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအခန်း ၆ မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၌ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ရမယ့် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကဏ္ဍမှာ ထည့်သွင်းဖော်ပြထားပါတယ်။

"လူကုန်ကူးမှုဆိုတာ ရပ်တည်ရန်ခက်ခဲတဲ့အခြေအနေတွေကို အသုံးချခြင်းခံရတယ်လို့ ဥပဒေမှာဆိုထားပါတယ်။ သဘာဝဘေးကြုံရတာကလည်း ရပ်တည်ဖို့ခက်တဲ့အခြေအနေတစ်ခုကို ကြုံရတာပါပဲ"ဟု ဝေါလ်ဗီးရှင်းက ပြောပါတယ်။

"နာဂစ်မုန်တိုင်းအပြီးမှာ ဧရာဝတီတိုင်းဒေသကြီးကနေ လှိုင်သာယာကို ယာယီခိုလှုံရန် လာရောက်ကြပါတယ်။ ပြီးတော့ တစ်ဖက်နိုင်ငံတွေကိုတစ်ဆင့် သွားရောက်ကြပါတယ်။ ဒီလိုသွားရောက်တဲ့နေရာမှာ လှိုင်သာယာမှာ လာရောက်နေထိုင်စဉ် အန္တရာယ်အခက်အခဲမရှိတဲ့အတွက် လူပွဲစားတွေကတစ်ဆင့် တရုတ်၊ မလေးရှားနဲ့ထိုင်းစတဲ့ နိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ပါက လှိုင်သာယာကိုပြောင်းရွှေ့လာစဉ်တုန်းကလို အခက်အခဲမရှိနိုင်ဘူးလို့ ထင်တဲ့အတွက် စွန့်စားပြီးသွားရောက်ကြတာများပါတယ်"ဟု လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းအတွေ့အကြုံရှိသူ လှိုင်သာယာ လူငယ်ကွန်ရက်မှ ကိုရန်ပိုင်ထွန်းကလည်း ၎င်း၏အတွေ့အကြုံကို ပြောပြပါတယ်။

ကိုရန်ပိုင်ထွန်းဟာ အသက် (၁၇)နှစ်မှာ ဝေါလ်ဗီးရှင်းမြန်မာရဲ့ သင်တန်းတွေကိုတက်ရောက်ပြီး စေတနာ့ဝန်ထမ်းအဖြစ်ဝင်လုပ်ရင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့သည်မှာ ခုနစ်နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ လှိုင်သာယာလူငယ်ကွန်ရက်အဖွဲ့ကို လွန်ခဲ့တဲ့ နှစ်နှစ်က စတင်ခဲ့ခြင်းဖြစ်ပါတယ်။ အဖွဲ့မဖြစ်ခင်က မြို့နယ်အတွင်းရှိ ရပ်ကွက်များမှာ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် လူကုန်ကူးခံရသူများ ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့သည်မှာ ခြောက်နှစ်ခန့် ရှိပြီဖြစ်ပါတယ်။

မကြာသေးမီက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၂ ခုမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စုပေါင်း လေးသိန်းကျော်နဲ့ လူပေါင်း ၁၆ သိန်းကျော် သဘာဝဘေးဒဏ်ကိုခံစားခဲ့ရပြီး လယ်ယာမြေဧက ရှစ်သိန်းခွဲခန့် ပျက်စီးသွားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာအမှတ် ၄ တွင် ဖော်ပြထားပါတယ်။

"သဘာဝဘေးအန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဆုံးရှုံးပြီး အလုပ်လက်မဲ့ဖြစ်လာနိုင်ပါတယ်။ ဒီအခြေအနေတွေ အပေါ်မှာ လူကုန်ကူးမယ့်သူတွေအနေနဲ့ အခွင့်အရေးယူလာနိုင်ပါတယ်"ဟု ဝေါလ်ဗီးရှင်းမှ လူကုန်ကူးမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်က သုံးသပ်ထားပါတယ်။

လူအများစုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးပို့ခြင်း၊ ထိန်းသိမ်းထားခြင်း၊ လက်ခံထားခြင်းတို့ကို ခြိမ်းခြောက်ခြင်း၊ အင်အားသုံးအကျပ်ကိုင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ဩဇာအာဏာသုံးခြင်းနှင့် မက်လုံးပေးခြင်းနည်းလမ်းများဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်၊ ပြည့်တန်ဆာနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ရန်၊ အတင်းအဓမ္မခိုင်းစေရန်၊ ကျွန်အဖြစ်စေခိုင်းရန်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများထုတ်ယူရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ပါက လူကုန်ကူးခြင်းဟု ကုလသမဂ္ဂ၏ လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်၌ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

ဒါကြောင့် သဘာဝဘေးအန္တရာယ်များနဲ့လူကုန်ကူးမှုဟာ တိတ်တဆိတ် ချိတ်ဆက်လျက်ရှိရာ ရေဘေးသင့်ဒေသတွေက ပြည်သူတွေ လူကုန်ကူးမခံရစေရေးအတွက် ဌာနဆိုင်ရာနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရပါတယ်။

ရေဘေးသင့်ဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ ရေဘေးကယ်ဆယ်ရေးစခန်းတွေက ပြည်သူ ၃၁၆၂ ဦးကို လူကုန်ကူးမခံရစေရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေပူးပေါင်းပြီး အသိပညာပေး ဟောပြောခဲ့ကြောင်း ဒုတိယရဲမှူးကြီးသက်နောင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လူကုန်ကူးမှုပေါင်း ၁၁၂၃ မှု ဖြစ်ပွားခဲ့ပြီး လူကုန်ကူးမှုအဖြစ်ပွားဆုံးသည် ၂၀၁၀ ခုနှစ် ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းအရ သိရပါတယ်။ ယင်းနှစ် နောက်ပိုင်းတွင် အမှုဖြစ်ပွားမှု လျော့ကျလာသော်လည်း ၂၀၁၄ ခုနှစ်မှာ ၁၂၄ မှု အထိ တိုးတက်လာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရပါတယ်။

လူကုန်ကူးမှုအမျိုးအစားများစွာအနက် မြန်မာနိုင်ငံမှာ အဓမ္မလက်ထပ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းတို့ဟာ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါတယ်။

"လူကုန်ကူးသူတွေကတစ်ဖက်သားရဲ့ အခက်အခဲဒုက္ခကို အပိုင်ကိုင်ပြီး လုပ်တာပါ။ မသေမချင်းသေဒဏ်ပေးသင့်တယ်"ဟု သဘာဝဘေးသင့်သူများကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နေတဲ့ စာရေးဆရာတစ်ဦးက သုံးသပ်ပြောကြားပါတယ်။

နှစ်အလိုက်ထုတ်ပြန်ချက်အရ လူကုန်ကူးခံရသူအများဆုံးဟာ အမျိုးသမီးများဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ ၁၈၈ ဦးရှိပြီး လူကုန်ကူးခံရမှုအမျိုးအစား ငါးခုအနက် အဓမ္မလက်ထပ်ထိမ်းမြားမှုဟာ ရာခိုင်နှုန်းအများဆုံးဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ ဦးတည်အဖြစ်များကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ လူကုန်ကူးမှုပေါင်း ၇၄ မှု ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ အဖြစ်များခဲ့ပါတယ်။

"ယခုလက်ရှိအခြေအနေအရ လူကုန်ကူးသူတွေအနေနဲ့ အလုပ်လုပ်ကိုင်နိုင်တဲ့အရွယ် လူငယ်တွေကို ပိုမိုပစ်မှတ်ထားလာနိုင်ဖွယ်ရှိနိုင်တယ်လို့ ခန့်မှန်းမိပါတယ်။ ဒ့ါအပြင် ကျောင်းနေအရွယ် လူငယ်လေးတွေအနေနဲ့လည်း အလားတူအခြေအနေတွေ ရှိနေပါတယ်။ သတိဆိုတာပိုတယ်မရှိပါဘူး။ ကြိုတင်ကာကွယ်မှုတွေတော့ စဉ်ဆက်မပြတ် သတိရှိရှိဆက်လက်လုပ်ဆောင်သွားဖို့လိုအပ်ပါတယ်"ဟု ဝေါလ်ဗီးရှင်းမှ လူကုန်ကူးမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်က သတိပေးထားပါတယ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲမှူး ရဲဝင်းအောင်က "နာဂစ်အပြီးမှာ ဧရာဝတီတိုင်းဒေသကြီးက လူငယ်တွေဟာ အလုပ်အကိုင်ရှာဖွေဖို့ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေကို ပြောင်းရွှေ့ရောက်ရှိလာပါတယ်။ အရင်ဆုံး ရရာအလုပ်ကိုလုပ်ကြပါတယ်။ တချို့က ကောင်းမွန်တဲ့အလုပ်အကိုင်တွေ ရရှိကြပေမယ့် အချို့က စည်းရုံးတဲ့ပွဲစားတွေကနေတစ်ဆင့် အလုပ်အကိုင်အဆင်ပြေချောင်လည်မယ်ထင်တဲ့ တစ်ဖက်နိုင်ငံတွေကို သွားရောက်လုပ်ကိုင်ရင်းနဲ့ လူကုန်ကူးခံရတဲ့ဖြစ်စဉ်တွေရှိပါတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ပြောပါတယ်။

ထို့ပြင် လူကုန်ကူးမှုမဖြစ်ဖို့က အလုပ်တစ်ခုရဖို့အတွက်ကို ဦးတည်ပြီးမလုပ်ဘဲနဲ့ သွားလုပ်မယ့် အလုပ်အပေါ် လုပ်သင့်လား၊ မလုပ်သင့်ဘူးလား။ အဲအလုပ်ကိုလုပ်ဖို့လာခေါ်တဲ့ သူကလည်း အမှန်တကယ်အလုပ်ရဖို့အတွက် ရှာပေးနိုင်တဲ့သူလားဆိုတာကို စိစစ်ဖို့လိုပါတယ်ဟု ပြောကြားခဲ့ပါတယ်။

---

## Daedong လယ်ယာသုံး စက်ကိရိယာများ သရုပ်ပြပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုရီးယားသမ္မတနိုင်ငံ Daedong လယ်ယာသုံး စက်ကိရိယာများ အရောင်းမြှင့်တင်ခြင်းနှင့် သရုပ်ပြပွဲကို စက်တင်ဘာ ၁၂ ရက်က ပျဉ်းမနားမြို့နယ် မြို့နယ်သမဝါယမ အသင်းစု ဘက်စုံစိုက်ပျိုးရေးခြံတွင် ကျင်းပရာ စက်ကိရိယာမျိုးစုံ ၃၂ စီးကို တက်ရောက်လာသော အသင်းသားလယ်သမားများက ဝယ်ယူခဲ့ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် အသေးစား အရင်းအနှီးချေးငွေလုပ်ငန်း လယ်ယာသုံး/လုပ်ငန်းသုံး/ရေလုပ်ငန်းသုံး ပစ္စည်းကိရိယာများ အရစ်ကျစနစ်ဖြင့် နှစ်ရှည်ရောင်းချခြင်းလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်ထိ ချေးငွေကျပ် ၄၀၇ ဘီလီယံကျော်ကို China EXIM Bank ချေးငွေနှင့် အသင်းသားများ၏ အစု/စုဆောင်းငွေများ အပါအဝင် ထုတ်ချေးပေးနိုင်ခဲ့သည်။

အသင်းသား တောင်သူများ လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီက ၅၈၄၁ စီးနှင့် တွဲဖက်အသုံးပြုရန် မြေထွန်စက်၊ ထယ်၊ ထွန်၊ ဂေါ်အစရှိသည့် စက်ပစ္စည်း ၁၃၁၈ ခုအပါအဝင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုး အရစ်ကျ ငွေချေးစနစ်ဖြင့် ဖြန့်ဖြူးပေးထားကြောင်း သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်သည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် အသင်းသား လယ်သမားများ လိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေတွင် Daedong လယ်ယာသုံးစက်ပစ္စည်း ၁၁၆ စီး၊ တန်ဖိုးငွေကျပ် ၂၆၀၃ ဒသမ ၂၅၆ သန်းအား ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် Daedong ကုမ္ပဏီမှ တာဝန်ရှိသူများက လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် လက်တွေ့အသုံးပြုနိုင်ခြင်းတို့ကို ရှင်းလင်းပြသသည်။

ယနေ့အခမ်းအနားတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ အသင်းသားတောင်သူများကို ထွန်စက် ၃၂ စီးနှင့် ထွန်ယက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် လွှဲပြောင်းရောင်းချပေးအပ်နိုင်ခဲ့ပြီး ယခင် ၁၁၆ စီးအပါအဝင် စုစုပေါင်း ၁၄၈ စီး၊ တန်ဖိုးငွေကျပ် ၃၃၃၃ ဒသမ ၅၇၇ သန်းကို ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၂**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ အလှူလက်ခံရရှိမှုမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ အနာထပိဏ်ပရဟိတအလှူအသင်း ကျောက်တန်းမြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၄၀၀၀၀၀၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးများက ငွေကျပ် ၅၀၀၀၀၀၀၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းက ငွေကျပ် ၆၆၈၁၀၀၀ ကို လှူဒါန်းခဲ့ပြီး The Embassy of Brunei Darussalam က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို အလှူငွေစာရင်းအမှတ် (1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၃၇၄၄၈၀၈၆၄၃၊ အမေရိကန်ဒေါ်လာ ၁၅၁၁၂၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုး

**ရွှေတောင် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ရေကြီးနစ်မြုပ်ပျက်စီးလယ်မြေများ၌ မိုးစပါးပြန်လည်စိုက်ပျိုးမှုကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုအုပ်စု လက်ရဲတပ်ကျေးရွာ ကွင်းအမှတ်(၄၂၄)မှ ရေကြီးနစ်မြုပ်စပါးပျက်စီးလယ်မြေဧက ၂၀ ၌ မိုးစပါးပြန်လည်စိုက်ပျိုးမှုကို ပြည်ခရိုင် မျိုးစေ့တာဝန်ခံ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဝန်ထမ်းများအား ပိုးမွှားရောဂါကျရောက်မှုကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ရန်နှင့် တစ်ဧက စပါးအထွက်နှုန်း တိုးတက်စေရန် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို တောင်သူများ သိရှိလိုက်နာရန် မှာကြားသည်။ **(သတင်းစဉ်)**

# ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲသို့ရောက်ရှိ

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၂**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲသို့ ရောက်ရှိနေသည်။

ငါးသိုင်းချောင်းမြို့ပေါ်နှင့် မြစ်ကမ်းဘေးကျေးရွာများရှိ အခြေခံပညာကျောင်းများ ပုံမှန်ဖွင့်လှစ်သင်ကြား၍ လပတ်စာမေးပွဲများ ဖြေဆိုလျက်ရှိကြပြီး ဒေသခံပြည်သူလူထုမှာလည်း ပုံမှန်ဆက်သွယ်သွားလာ ရောင်းဝယ်လျက်ရှိသည်။ သက်ဆိုင်ရာဌာနများ၏ မြစ်ရေအခြေအနေ သတိပေးချက်များအား SMS များဖြင့် လည်းကောင်း၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ လည်းကောင်း ဒေသခံပြည်သူများမှ အဆက်မပြတ်ရရှိနေကြောင်းနှင့် ငဝန်ရေကာတာ၏ ကြံ့ခိုင်မှုအခြေအနေမှာလည်း ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သော ရေစိမ့်ပေါက်အဟောင်းများမှ ရေပြန်လည်ယိုစိမ့်မှုမျိုး လက်ရှိရေအမှတ်တွင် မတွေ့ရသေးကြောင်း၊ ငဝန်တာကြံ့ခိုင်မှုအတွက် လိုအပ်လာပါက အကူအညီပေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**



**စေတုတ္တရာမြို့နယ်ရှိ ကျေးရွာများတွင် ရေများကျဆင်းသွားသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က ကျေးရွာနေကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းပြန်လည်ပြုပြင်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။**

တင်ထွန်းဦး(မင်းဘူး)

# သာပေါင်းမြို့နယ် ရေဘေးသင့်ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ရေဘေးကူညီရေးအသင်းမှ လှူဒါန်း

**သာပေါင်း စက်တင်ဘာ ၁၂**

သာပေါင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ရေမြုပ်စာသင်ကျောင်းများအား စက်တင်ဘာ ၁၁ ရက်က ရွှေဥမင်ဓမ္မသုခ တောရိပ်သာဆရာတော် ဥူးတေဇနိယဦးစီး၍ Benhur Trading Co.Ltd. PO-SENG uPVC PIPE နှင့် အလှူရှင်များက စတီးရေတိုင်ကီ ၁၅၀၀ လီတာ၊ ၁၀၀၀ လီတာ၊ ၆၅၀ လီတာ၊ ၃၀၀ လီတာ စုစုပေါင်း ၁၀ လုံး၊ အိမ်သာခွက် ၂၀၊ ဗလာစာအုပ် ၃၀၈ ဒါဇင်၊ စာရေးကိရိယာအစုံ ၁၁ပါကင်၊ နို့မှုန့် ၁၁ ပါကင်၊ သောက်ရေသန့် ၅ လီတာ ၁၀၉ လုံး၊ မုန့်မျိုးစုံနှင့် ကလေးကစားစရာ ၃၁ ဖာ၊ သက်န်းခြောက်စုံ၊ စာသင်ကျောင်း ၁၁ ကျောင်းအတွက် ငွေကျပ် သိန်း ၃၀ တို့အား ပေါက်တန်း ကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ စစ်စင်ကျေးရွာ၊ မအူပင် ဒေါင့်ကျေးရွာ၊ ဘုရားငူကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ လင်းတာကျ ကျေးရွာ၊ ရှင်ကြီးပျောက်ကျေးရွာ၊ မီးသွေးတိုက်ကျေးရွာ၊ မြက်ဆံနီကျေးရွာတို့အား ကျေးရွာစာသင်ကျောင်းများကို သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

**မျိုးဇော်ဦး (ပြန်/ဆက်)**

# ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ရေဝင်ရောက်ခြင်းကြောင့် အခြေခံပညာကျောင်းများ ပိတ်ထားရ

**ရေစကြို စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဩဂုတ်လအတွင်းက ချင်းတွင်းမြစ်ရေမြင့်တက်ကာ ရေဝင်ရောက်မှုကြောင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၀၃ ကျောင်း ယာယီပိတ်ထားခဲ့ရသည်။

စက်တင်ဘာလတွင် ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေဝင်ရောက်လာပြန်ရာ စက်တင်ဘာ ၁၁ ရက်က ရေစကြိုမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် တိုးမြင့်ပြီး ၂၉ ဒသမ ၆ ပေသို့ ရောက်ရှိနေရာ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၅၅ ကျောင်း ထပ်မံယာယီပိတ်ထားခဲ့ရပြန်သည်။ အဆိုပါကျောင်းများအနေဖြင့် ယာယီကျောင်းပိတ်ရက်များအတွက် ကျောင်းတက်ရက် အစားထိုးဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဖောင်းပြင်မြို့တွင် အမြင့်ဆုံးရေမှတ်အောက် ဆက်လက်ကျဆင်းပြီး စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ

**ဖောင်းပြင် စက်တင်ဘာ ၁၂**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ တိုင်းထွာထုတ်ပြန်ချက်အရ စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် မြို့၏စိုးရိမ်ရေအမှတ် ၁၅၃၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ တိုင်းထွာချက်အရ ၁၄၂၂ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် မြို့၏စိုးရိမ်ရေအမှတ် ၁၃၂၅ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနေသည်။

ဖောင်းပြင်မြို့နယ်တွင် စက်တင်ဘာ ၈ ရက်မှစတင်၍ ဌာနဆိုင်ရာများနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးဆောင်သော ကျန်းမာရေး ဆရာ ဆရာမများနှင့် ပူးပေါင်းကာ အဖွဲ့ငါးဖွဲ့ခွဲ၍ ရေဝင်ရောက်နေသည့် ကျေးရွာအုပ်စု ၂၃ အုပ်စုမှ ကျေးရွာ ၇၆ ရွာသို့သွားရောက်၍ ရေဝင်ရောက်ပျက်စီးသော လယ်ယာမြေများ စာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေကြီးမှုကြောင့် သရက်မြို့နယ်ရှိ ကျေးရွာ သုံးရွာမှ အိမ်ထောင်စု ၁၄၇ စု ရေလွတ်ရာသို့ ပြောင်းရွှေ့

**သရက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် စက်တင်ဘာ ၁၁ ရက်က ဧရာဝတီမြစ်ရေကြီးမှုကြောင့် သရက်မြို့နယ် ကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၁၄၈ စုမှ လူဦးရေ ၅၇၃ ဦး ရေလွတ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ထိုသို့ ပြောင်းရွှေ့ခဲ့ကြသော ကျေးရွာသုံးရွာမှာ ရေပေါ်ကျွန်းကျေးရွာ၊ လေးတိုင်စင်ကျေးရွာနှင့် ကုလားစုကျေးရွာတို့မှ အိမ်ထောင်စုဝင်များပါဝင်ပြီး ရေပေါ်ကျွန်းကျေးရွာမှ အိမ်ထောင်စု ၁၂၈ စုမှ လူဦးရေ ၄၇၅ ဦးအား စမုဒ်ဘုန်းတော်ကြီးကျောင်း၊ စံပုံဘုန်းတော်ကြီးကျောင်း၊ ရာဇသိဒ္ဓဘုန်းတော်ကြီးကျောင်း၊ ရွှေသက်လွတ်ဘုန်းတော်ကြီးကျောင်း၊ ထုံတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ သဲတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့သို့ လည်းကောင်း၊ လေးတိုင်စင်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၇၇ ဦးနှင့် ကုလားစုကျေးရွာမှ အိမ်ထောင်စုငါးစုမှ လူဦးရေ ၂၁ ဦးတို့အား ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း အသီးသီးပြောင်းရွှေ့နေထိုင်ခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**ပြန်လည်ထူထောင်ရေး**

# ကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း၊ ကုသခြင်းနှင့် တိရစ္ဆာန်အစာဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်



မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ပေးနေစဉ်။

"ဖြစ်ရိုးဖြစ်စဉ်ရှိတဲ့ဒေသတွေမှာကျတော့ ရေကြီးရင် ဘာလုပ်ရမယ်ဆိုတဲ့ အတွေ့အကြုံရှိပါတယ်။ ရေကြီးလေ့ကြီးထမရှိတဲ့ ဒေသတွေဖြစ်တဲ့ ရေနံချောင်း၊ ပွင့်ဖြူတို့လို ဒေသတွေမှာတော့ ဟိုတုန်းက ရေမကြီးခဲ့တော့ ရေကြီးရင် ဘာလုပ်ရမယ်ဆိုတာကို လက်တွေ့အတွေ့အကြုံသူတို့မှာ မရှိခဲ့ကြဘူး။ ဖြစ်ပေါ်ခဲ့တဲ့ ရေဘေးသင့်ဒေသတွေမှာ ကွာခြားမှုရှိပါတယ်။

ဒီလို သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတွေ အတွက် ကျွန်တော်တို့မှာ စီမံချက်တွေထားရှိပါတယ်။ သဘာဝဘေးအန္တရာယ်စီမံချက်ထဲမှာ ဥပမာရေကြီးမှု ဖြစ်ပေါ်ခဲ့ရင် တိရစ္ဆာန်တွေကိုလုံခြုံရာနေရာကို ရွှေ့ပြောင်းတဲ့ အစီအစဉ်မျိုးတွေ၊ တိရစ္ဆာန်အစားအစာအတွက် ဘယ်လိုလုပ်ရမယ် ဆိုတာမျိုးတွေလည်းပါပါတယ်။ အဆင့်ဆင့်အဖွဲ့တွေလည်း ဖွဲ့ထားတယ်။ ဗဟိုအဖွဲ့၊ တိုင်းဒေသကြီးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့တွေနဲ့ Task Force အဖွဲ့တွေ ဖွဲ့ထားတယ်။ ဒီအဖွဲ့တွေကို နာဂစ်ပြီးကတည်းက သင်တန်းတွေ ပေးထားတာရှိတယ်။

၂၀၀၈ ခုနှစ်နောက်ပိုင်းမှာ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ အရေးပေါ်သင်တန်းတွေ ပေးထားတာတွေရှိပါတယ်။ NGO၊ INGO အဖွဲ့တွေ၊ ကမ္ဘာ့တိရစ္ဆာန် စောင့်ရှောက်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး သင်တန်းပေးတာမျိုး၊ ဆောင်ရွက်တာမျိုးတွေလည်း ရှိပါတယ်။ အခုလည်း ဆောင်ရွက်နေပါတယ်။ နောင်မှာလည်း ဆောင်ရွက်သွားမှာပါ"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

ရေဘေးသင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နွားကောင်ရေ ၅၈၁၈ ကောင်၊ နွားနောက်ကောင်ရေ ၁၃၄ ကောင်၊ ကျွဲကောင်ရေ ၃၀၂၀၊ သိုးနှင့် ဆိတ်ကောင်ရေ ၄၃၄၂ ကောင်၊ ဝက်ကောင်ရေ ၆၈၈၄ ကောင်၊ ကြက်ကောင်ရေ ၂၄၇၂၃၈ ကောင်နှင့် ဘဲကောင်ရေ ၆၈၂၄ ကောင် ဆုံးရှုံးခဲ့ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ယခုလ ၉ ရက်အထိ ပြုစုထားသော စာရင်းများအရ သိရသည်။

အဆိုပါ ဝန်ကြီးဌာနမှ ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးများအတွက် အခက်အခဲဖြစ်ပေါ်နေသော ဒေသများအတွက် ငွေကျပ် ၁၅ ဒသမ ၉၈ သန်း၊ တိရစ္ဆာန်အစာ ၁၈၅ ဒသမ ၃၀၆ တန်၊ ၁၅ ဒသမ ၉၈ သန်းတန်ဖိုးရှိ ဆေးဝါးများကို ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

"ရေဘေးသင့်ဒေသတွေမှာ အစာအတွက် အခက်အခဲဖြစ်တာရှိသလို တိရစ္ဆာန်တွေမှာ ရောဂါဖြစ်တာမျိုးလည်း ရှိပါတယ်။

အစာနဲ့ ပတ်သက်ပြီးတော့လည်း ရေဘေးသင့်ဒေသတွေမှာ ပျက်စီးမှုတွေရှိပါတယ်။ ကျေးရွာတွေမှာက မြက်တို့ ကောက်ရိုးတို့ အဓိကစားရတာပါ။ အဲဒီတော့ တိရစ္ဆာန်အစားအစာအတွက် အရေးပေါ် အဖွဲ့တွေဖွဲ့ပြီး အစာထောက်ပံ့ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ စုဆောင်းရရှိတဲ့ အစာတွေကို မျှဝေပေးပါတယ်။ ပိုလျှံပေါများအောင် မထောက်ပံ့နိုင်ပေမယ့် အရေးပေါ်အခြေအနေမှာ အသက်ရှင်ရပ်တည်နိုင်အောင် ဖြန့်ဝေဆောင်ရွက်ခဲ့ပါတယ်။

ပဲဖတ်၊ နှမ်းဖတ်တွေ၊ ဗီတာမင်တွေပါတဲ့ အရေးပေါ်အားဖြည့်စာအတွက်လည်း ကျွန်တော်တို့ဆီမှာရှိသမျှ အကုန်လုံးကို ဖြန့်ပါတယ်။ ဖြစ်ဖြစ်ချင်းမှာ နေရာအနှံ့ကို လမ်းပန်းဆက်သွယ်ရေးကြောင့် မရောက်နိုင်ပေမယ့် အခုကတော့ အကုန်လုံးဖြန့်နိုင်နေပါပြီ။ အရေးပေါ်အခြေအနေအနေနဲ့ ကလေးမှာဆို တိရစ္ဆာန်အစာအတွက် လေယာဉ်နဲ့ ပို့ခဲ့ရတာမျိုးလည်း ရှိပါတယ်။ သက်ဆိုင်ရာ ရေဘေးသင့် မြို့နယ်အဖွဲ့တွေနဲ့ ချိတ်ဆက်ပူးပေါင်းပြီး ရေလမ်း၊ ကုန်းလမ်းအစုံနဲ့ရောက်နိုင်သမျှ၊ အဆင်ပြေနိုင်သမျှ ပို့ဆောင်ပေးခဲ့ပါတယ်။ လူမှုရေးအဖွဲ့အစည်းတွေရဲ့ အကူအညီတွေလည်း ပို့ဆောင်ပေးခဲ့ပါတယ်။ ဒါက အစာအပိုင်းပါ။

ရောဂါအပိုင်းမှာဆိုရင်လည်း ရေဘေးသင့်ဒေသတွေက ကျွဲ၊ နွားတွေမှာ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်၊ လည်ချောင်းကွဲ စတဲ့ ရောဂါတွေအဖြစ်များပါတယ်။ ဒီရောဂါတွေအတွက် ကာကွယ်ဆေးကို အခမဲ့လိုက်လံထိုးပေးပါတယ်။ တောင်သူတွေအတွက် နှစ်စဉ် ရာသီအလိုက်လည်း လုပ်ဆောင်ပေးတဲ့ ကာကွယ်ရေးလုပ်စဉ်တွေပါ။ နှစ်စဉ်လည်း လျာထားချက်တွေနဲ့ ဆောင်ရွက်ပါတယ်။ ခွာနာလျှာနာ ရောဂါကာကွယ်ဆေးကတော့ ထုတ်လုပ်ရေးစရိတ် မြင့်မားတဲ့အတွက် ကွင်းလုံးပြည့် မထိုးနှံပေးနိုင်ပါဘူး။ ဖြစ်ပွားတဲ့ဒေသတွေ၊ ဖြစ်မယ့် အလားအလာရှိတဲ့ ဒေသတွေမှာ ထိုးနှံပေးပါတယ်။ ဒါပေမယ့် ဒီရောဂါက နှစ်တိုင်းတော့ ဖြစ်လေ့မရှိပါဘူး"ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ပြောပြသည်။

ရေဘေးသင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ခရိုင်နှင့် မြို့နယ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ ကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်းများနှင့် တိရစ္ဆာန်အစာဖြည့်တင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တိရစ္ဆာန်များကို ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးလျက်ရှိသည်။

"ရေဘေးသင့်ဒေသတွေမှာ တိရစ္ဆာန်တွေအတွက် ကာကွယ်ကုသမှု ဆောင်ရွက်လျက်ရှိတဲ့အခြေအနေတွေအပေါ် ရေကြီးရေလျှံမှုဖြစ်ပေါ်တဲ့အခါ ခိုင်းကျွဲ၊ ခိုင်းနွားတွေ ကျန်ခဲ့တာတွေရှိတယ်။ ချက်ချင်းမဟုတ်ဘဲ ကယ်ဆယ်ရေးလာမှ ကယ်ဆယ်ရတာမျိုးတွေရှိတယ်။ နွားတွေက ရေထဲမှာ အကြာကြီးနေရတာမျိုး တွေရှိတယ်။ အဲဒီအခါ နွားတွေရဲ့ ခြေထောက်တွေက အရေပြားတွေ ထိခိုက်တာမျိုးတွေရှိတယ်။

အခုလို ထိခိုက်တာမျိုးတွေအတွက် ကုသမှုအပိုင်းမှာ သက်ဆိုင်ရာ ဒေသခံအဖွဲ့တွေနဲ့ပေါင်းပြီး အထူးကုအဖွဲ့တွေ ဖွဲ့ပြီး ဆောင်ရွက်တာရှိတယ်။ ချက်ချင်းဖြစ်တဲ့အခါ အများစုကိုရောက်ရှိအောင် ဆောင်ရွက်နိုင်ပေမယ့် တချို့နေရာတွေ မရောက်တာမျိုးလည်း ရှိပါတယ်။ ဖြစ်ပွားမှုများတဲ့နေရာတွေ ဖြန့်ကြက်ချထားပြီး ဆောင်ရွက်ပါတယ်။

ကူးစက်ရောဂါဖြစ်တတ်တဲ့အတွက် ကာကွယ်ဆေးကို ထိုးပေးတာတွေရှိပါတယ်။ နွားတွေမှာ ရောဂါဖြစ်လို့ ကုသမှုအတွက် အချိန်ယူရတာလည်းရှိတော့ လုပ်အားဆုံးရှုံးတာတွေ ရှိပါတယ်။ လိုအပ်တဲ့ ကုသမှုတွေကို ဆရာဝန်တွေက ကုသပြီးရင်တော့ သင်တန်းတွေပေးထားတဲ့ အကူလုပ်သားတွေကို လိမ်းဆေး၊ ထိုးဆေးဖြန့်ပြီးထားခဲ့ပါတယ်။

တိရစ္ဆာန် ကာကွယ်ဆေးတွေနဲ့ ပတ်သက်ပြီး အကူအညီရတိုင်း ယူလို့မရတာ ရှိပါတယ်။ ကာကွယ်ဆေးဆိုတာ ရောဂါကိုအားဖျော့ထားတဲ့ ပိုးတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီက ဒေသတွေနဲ့ကိုက်ညီတဲ့ ဆေးတွေကိုသာ အသုံးပြုရတာပါ။ ဒါ့ကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နဲ့ ဆက်သွယ်ပြီး ကိုက်ညီတဲ့ ကာကွယ်ဆေးတွေကို ရယူရတာပါ။ ဒါတွေကို အရန်သင့် ဆောင်ထားပါတယ်။

တိရစ္ဆာန်တွေအတွက် ကာကွယ်ဆေးထိုးနှံတဲ့အပိုင်းမှာ ရေကြီးမှုတွေ မဖြစ်ခင်ကတည်းက ကာကွယ်ဆေးတွေ ထိုးနှံပြီးသားပါ။ လိုအပ်တာတွေလည်း ထပ်မံဖြည့်ဆည်းသွားမှာပါ" ဟုလည်း ပြောကြားခဲ့သည်။

ရေဘေးသင့်ဒေသများတွင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိရစ္ဆာန်များကို ထောက်ပံ့ဖြန့်ဖြူးရာတွင် စာရင်းမှတ်စနစ်/မွေးမြူရေးဘဏ်စနစ်ဖြင့် မတည်ဖြန့်ဖြူးမည်ဖြစ်ကြောင်း၊ ဖြန့်ဖြူးပြီး တိရစ္ဆာန်များ၏ တိုးပွားလာမှုကို မြို့နယ်ဦးစီးမှူးက လစဉ်အစီရင်ခံတင်ရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလပြည့်ပါက ကျေးရွာကော်မတီမှ အတည်ပြုသတ်မှတ်ပေးသူထံ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ထို့ပြင် ဒေသခံပြည်သူများ လက်ဝယ်သို့ တိရစ္ဆာန်များ ဖြန့်ဖြူးပြီးပါက ကျေးရွာအဆင့် တိရစ္ဆာန်မွေးမြူထိန်းသိမ်းခြင်းနှင့် အစာအာဟာရ ကျွေးမွေးခြင်းသင်တန်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ကုပညာပေးသင်တန်း၊ အခြေခံကျန်းမာရေး လုပ်သားသင်တန်း၊ ကြက်ဥဖောက်စက် သင်တန်း စသည့် မွေးမြူရေးဆိုင်ရာ ရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချသွားမည်ဟုလည်း သိရှိရသည်။

"တိရစ္ဆာန် အစားအစာထောက်ပံ့မှုနဲ့ အစာအတွက် ပြန်လည်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ တိရစ္ဆာန်အစာစိုက်ပျိုးနည်းသင်တန်းတွေပေးနေပါတယ်။ ကောက်ရိုးပြုပြင်နည်းသင်တန်းတွေ ပေးပါတယ်။ မျိုးတွေလည်း ထောက်ပံ့ပေးပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ စတင်ဆောင်ရွက်နေပါပြီ။ အားလုံးဒေသခံတွေကလည်း စိတ်ဝင်စားကြတယ်။ တိရစ္ဆာန်အစားအစာကလည်း တစ်လ၊ နှစ်လလောက်တော့ရှားပါးမှု ရှိနိုင်ပါတယ်။

တောင်သူတွေက ကျွန်တော်တို့ပေးတဲ့ သင်တန်းတွေကို စိတ်ဝင်စားမှုရှိပါတယ်။ ကျေးရွာအုပ်စုတစ်စုကို တစ်ယောက်နှုန်းနဲ့ အမြဲပါဝင် နိုင်အောင် ဆောင်ရွက်ထားပါတယ်" ဟု ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုအခြေအနေများအပေါ် ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ၊ ထောက်ပံ့ရေးဆိုင်ရာ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးသော ဘဏ္ဍာငွေအရ ခွဲဝေသုံးစွဲသွားမည်ဖြစ်ပြီး သဘာဝဘေးဒဏ်သင့် တိရစ္ဆာန်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကူညီထောက်ပံ့မှုများ ရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

**ဟန်နီဝင်း(သတင်းစဉ်)**



## မော်လိုက် မင်္ဂလာလမ်းမကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လိုက် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ချင်းတွင်းမြစ်ရေကျဆင်းပြီးနောက် မြို့မဈေးကြီး အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ပေးနိုင်ရန်နှင့် ပြည်သူများ အများဆုံးအသုံးပြုသွားလာကြရသည့် မင်္ဂလာလမ်းမကြီးများအား အမြန်ဆုံးအသုံးပြုသွားလာနိုင်ရန်အတွက် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ နယ်မြေခံတပ်မှ ဗျူဟာမှူးကြီးညီညီမင်းတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မော်လိုက်နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်း၍ ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် မြို့မဈေးကြီးအတွင်း၌ ပြည်သူများအသုံးပြုများသည့် မင်္ဂလာလမ်းမကြီးများပေါ်တွင် တင်ကျန်ခဲ့သည့် ရွှံ့ညွှန်များ၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ချင်းတွင်းမြစ်ရေ ကျန်ရှိနေသည့် လမ်းမကြီးများကိုလည်း ရေကျသွားချိန်တွင် အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရန်နှင့် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စုပေါင်း၍ သန့်ရှင်းရေးများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဧရာဝတီမြစ်ရေ အောင်လံနှင့် ပြည်မြို့တို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အောင်လံမြို့နယ်နှင့် ပြည်ခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**(ကြေးမုံ)**


# ဧရာဝတီမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲခန့်ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။

**(သတင်းစဉ်)**


ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**


ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဖောင်းပြင်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် သုံးပေခွဲခန့်၊ မော်လိုက်မြို့တွင် ငါးပေခန့်နှင့် မုံမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့၊ နောက်သုံးရက်အတွင်း မော်လိုက်မြို့တို့တွင် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခွဲခန့် ကျော်လွန်လျက်ရှိရာ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားသည်။

**(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)



**✻ ဧရာဝတီမြစ်ရေမှ**

ကျောင်းအား ပုံမှန်ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ သို့သော် ဒေသခံပြည်သူများ မြို့တွင်းသွားလာရာ၌ အဆင်မပြေဖြစ်နေကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ဒုတိယအကြိမ် ဧရာဝတီမြစ်ရေမြင့်တက်မှုသည် ယခင်မြစ်ရေမြင့်တက်မှုထက် ရေအတက်နှုန်းမမြန်သော်လည်း မြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းရှိလမ်းများနှင့် အိမ်များအတွင်း ရေများဝင်ရောက်ခဲ့ရာ မြစ်ရေဝင်ရောက်သည့် ရပ်ကွက်အချို့၌ သွားလာမှုအဆင်မပြေဖြစ်နေကြောင်း၊ ဧရာဝတီမြစ်ရေမြင့်တက်မှုသည် ယခုတစ်ကြိမ်တွင်လည်း ညောင်ဦးမြို့(မြို့မ) ရဲစခန်းအနီး ပုဂံမြို့ဟောင်းသွားလမ်းပေါ်အထိ ပြန်လည်မြင့်တက်လာခဲ့ရာ ညောင်ဦး(မြို့မ) အထက်တန်းကျောင်း(ခွဲ)ကျောင်းဝင်းအတွင်းသို့ ရေများဝင်ရောက်ခဲ့ကြောင်း၊ ထိုသို့ ကျောင်းဝင်းအတွင်းရေများဝင်ရောက်ခဲ့သော်လည်း စိုးရိမ်ဖွယ်ရာမရှိသည့်အတွက် ပုံမှန်ဖွင့်လှစ်သင်ကြားပေးနေကြောင်း ပညာရေးမှူးရုံးရှိဝန်ထမ်းတစ်ဦးထံမှ သိရသည်။ သို့သော် ဧရာဝတီမြစ်ရေသည် ညောင်ဦး-ပုဂံမြို့ဟောင်းသွားလမ်းမပေါ်အထိ ရေများဝင်ရောက်နေခြင်းကြောင့် ဒေသခံပြည်သူများ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များစီးနင်းသွားလာရာတွင် ရေမဝင်သည့်နေရာများမှ ကွေ့ပတ်မောင်းနှင်နေရကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများကပြောပြသည်။ ညောင်ဦးတွင် ယနေ့ရက်ပိုင်းအထိ ဧရာဝတီမြစ်ရေမြင့်တက်မှုသည် စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲခန့် ကျော်လွန်မြင့်တက်လျက်ရှိပြီး နောက်နှစ်ရက်အတွင်း ရေမြင့်တက်မှုအခြေအနေမှာ စိုးရိမ်ရေအမှတ်အောက် တစ်ပေခန့် ပြန်လည်ကျဆင်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(IPRD)**

ဝဝဝဝဝ

# မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်

**မင်းဘူး စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိရာ မြစ်ကမ်းပါးနေ ရပ်ကွက်များမှ လူနေအိမ်များနှင့် ကျေးရွာများအတွင်း မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။

မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်ရှိ အိမ်ထောင်စု လေးစုမှာ ရေဘေးကင်းလွတ်ရာ အထက(၁) အားကစားကွင်းအတွင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကျန်ရှိသည့် အိမ်ထောင်စုများ ပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မင်းဘူးမြို့နယ် သနပွင်စုရွာ၊ ကျောင်းကုန်းရွာ၊ ငွေသောင်ကျွန်းရွာ၊ နိဗ္ဗာန်ကျွန်းရွာ၊ ပဒေသာကျွန်းရွာ၊ ပေါက်ငူရွာ၊ ပေါက်လေးပင်ရွာ၊ မန်းကျီးရွာ၊ ထုံးမကျီးရွာ၊ ရွာသစ်ကုန်းရွာနှင့် ဆယ်ရွာတို့တွင် မြစ်ရေများ ဝင်ရောက်လျက်ရှိရာ လူများနှင့် တိရစ္ဆာန်များ ရေဘေးကင်းလွတ်ရာ မန်းရေနံမြေနှင့် နီးစပ်ရာကုန်းမြင့်ပိုင်းရှိကျေးရွာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီ မြစ်ရေတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၁၆၆၅ စင်တီမီတာသို့ ရောက်ရှိလျက်ရှိကြောင်းနှင့် စိုးရိမ်ရေအမှတ် ၁၇၀၀ စင်တီမီတာသို့ မရောက်ရှိသေးကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

ဥတုရာသီ တောက်ကိုမှီ

## ပြည်တွင်းရေးရာ

❑ကျောဖုံးမှ

**မေး။ ။ Mobile Team အဖွဲ့အနေနဲ့ စတင်ဖမ်းဆီးတဲ့အချိန်မှ လက်ရှိအချိန်ထိ ဖမ်းဆီးရမိတဲ့ တရားမဝင် ကုန်သွယ်ပစ္စည်းတွေကို မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်ထားသည်ကိုလဲ သိရှိလိုပါတယ်။**

ဖြေ။ ။ Mobile Team စတင်ဖွဲ့စည်းတဲ့အချိန်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ဖမ်းဆီးရမိတဲ့ အမှုတွဲပေါင်း ၆၇၉၁မှုရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၅ ဒသမ ၇၃၂သန်းအနက် စားသုံးသူအကာအကွယ်ပေးရေးအတွက် ဖျက်ဆီးခဲ့တဲ့ ပစ္စည်းတွေရဲ့ ဘဏ္ဍာနှစ်အလိုက် စာရင်းတွေမှာ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာ နှစ်မှာ ဖျက်ဆီးခဲ့တဲ့ အမှုတွဲ ၁၆၇မှုရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄ ဒသမ ၀၀၆ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်မှာ ဖျက်ဆီးခဲ့တဲ့အမှုတွဲ ၁၂၇ မှုရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁ ဒသမ ၈၅၅သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဖျက်ဆီးခဲ့တဲ့အမှုတွဲ ၂၂၃မှုရှိပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၈ ဒသမ ၄၅၉ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဖျက်ဆီးခဲ့တဲ့အမှုတွဲ ၂၀၄မှုရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅ ဒသမ ၄၀၀သန်းတို့ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့ တရားမဝင်ကုန်ပစ္စည်းတွေကို သက်ဆိုင်ရာဌာနအလိုက် လွှဲပြောင်းအပ်နှံပြီး သက်ဆိုင်ရာဌာနတွေက လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆက်လက်ဆောင်ရွက်တာဖြစ်ပါတယ်။ ဥပမာ လေလံပစ်တာပေ့ါ။ သစ်နဲ့သစ်တောထွက်ပစ္စည်းတွေဆို သစ်တောဦးစီးဌာန၊ အကောက်ခွန်မဲ့ပစ္စည်းတွေ၊ လိုင်စင်မဲ့ယာဉ်၊ တရားမဝင်ပစ္စည်းသယ်ဆောင်တဲ့ယာဉ်တွေဆိုရင် အကောက်ခွန်ဦးစီးဌာန၊ အေးခဲအမဲသား၊ အမဲသားခြောက်ဆိုရင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျွဲ၊ နွားဆိုရင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျောက်စိမ်းဆိုရင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးပါ။

**မေး။ ။ နယ်စပ်ဒေသဂိတ်တွေနဲ့ လမ်းကြောင်းတွေမှာ တရားမဝင်တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကို Mobile Team အဖွဲ့အနေနဲ့ ဖမ်းဆီးတဲ့အခါမှာ ဝန်ထမ်းတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုတွေရှိပြီးတော့ အချို့ဒေသတွေဆိုရင် Mobile Team အဖွဲ့က ဝန်ထမ်းအချို့အသက်ဆုံးရှုံးမှုတွေရှိတယ်လို့ သိရပါတယ်။ Mobile Team စတင်ဖွဲ့စည်းတဲ့အချိန်ကနေ လက်ရှိအချိန်အထိ သေဆုံး၊ ဒဏ်ရာရရှိတဲ့ ဝန်ထမ်းဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ Mobile Team လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ Mobile Team အဖွဲ့ဝင် ဌာနဆိုင်ရာဝန်ထမ်းတွေ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၉ရက်မှာ မန္တလေး-မူဆယ် လှူပ်ရှားအဖွဲ့(၁)နောင်ချို Mobile Team အဖွဲ့က တရားမဝင် ရှောင်ကွင်းလမ်းကို သတင်းသွားရောက်ကြည့်ရှုစုံစမ်းတဲ့အခါ သစ်တုံးတွေ တင်/ချ နေတဲ့ အသံကြားရလို့ လက်နှိပ်ဓာတ်မီးထိုးပြီးကြည့်တော့ လူ ၄/၅ဦးခန့်က အသံပေးပြီးလေးခွတွေနဲ့ လိုက်လံပစ်ခတ်ခဲ့ပါတယ်။ အဖွဲ့ဝင်တွေအားလုံးယာဉ်ပေါ် အမြန်တက်ပြီး စစ်ဆေးရေးနေရာကို ပြန်လည်ထွက်ခွာခဲ့ရပါတယ်။ လေးခွနဲ့ ပစ်ခတ်မှုကြောင့် ဌာနပိုင်ယာဉ်ရဲ့ မှန်တွေ ကွဲကြေပျက်စီးခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ရက်ကလည်း ရန်ကုန်-မြဝတီလမ်းကြောင်း လှုပ်ရှားအဖွဲ့ (၂) ညောင်ခါးရှည် Mobile Team တာဝန်ခံ ညွှန်ကြားရေးမှူးက တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေလုပ်ငန်းဆောင်ရွက်မှုတွေကို အနီးကပ်ကြပ်မတ်စစ်ဆေးမှုတွေပြုလုပ်နေတဲ့ အချို့လုပ်ငန်းဆောင်ရွက်နေတဲ့ နေရာအနီးမှာ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်အတွင်းက ပြောက်ကျားယူနီဖောင်းဝတ် လူခြောက်ဦးက တာဝန်ခံညွှန်ကြားရေးမှူးကို ဝိုင်းဝန်းထိုးကြိတ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၄ရက်ကလည်း ရန်ကုန်-မြဝတီလမ်းကြောင်း လှုပ်ရှားအဖွဲ့ (၂) ညောင်ခါးရှည် Mobile Team အဖွဲ့ဝင်တွေ တာဝန်ထမ်းဆောင်နေတဲ့ နေရာကို အမှောင်ထုအကာအကာအကွယ်ယူပြီး အဝေးကနေလေးခွအသုံးပြုကာ ဖန်ဂေါ်လီလုံးတွေနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်း ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်ကလည်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အားနဲ့ Mobile Team လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ထမ်းနှစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်တစ်ဦးဟာ မန္တလေးမှ ဝင်ရောက်လာတဲ့ ခရီးသည်တင်ယာဉ်ရဲ့နောက်ဖုံးကို စစ်ဆေးနေစဉ်မှာ မန္တလေးကမောင်းနှင်လာတဲ့ယာဉ်က အရှိန်နဲ့ ဝင်တိုက်ခဲ့တဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပါတယ်။ နောက်ဝန်ထမ်းတစ်ဦးက ယာဘက်လက် တံတောင်ဆစ်ရိုးကျိုးလို့ ခွဲစိတ်ကုသခဲ့ရပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရဲတပ်သားတစ်ဦးက ဦးခေါင်း ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ကလည်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် Mobile Team အဖွဲ့က အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူးက ဖမ်းဆီးရမိတဲ့ ၁၂ ဘီးယာဉ်ကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ပြန်လည်မောင်းနှင်လာစဉ်မှာ ယာဉ်တိမ်းမှောက်ပြီး ညို့သကျည်းရိုးကျိုးတဲ့ဒဏ်ရာရရှိခဲ့ကာ ခြေသလုံးရိုးဒဏ်ရာကို စတီးချောင်းနဲ့ အစားထိုးကုသခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ ရက်ကလည်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် Mobile Team အဖွဲ့ဟာ ခြောက်ဘီးယာဉ်ပေါ်မှ ဆန်အိတ်တွေအောက်မှာ သိုဝှက်သယ်ဆောင်လာတဲ့ တရားမဝင် တမလန်းသစ်စကွဲဖားတုံး ၅၉ တုံးနဲ့ သယ်ဆောင်တဲ့ မော်တော်ယာဉ်ကို သစ်တောဦးစီးဌာနနဲ့ အကောက်ခွန်ဦးစီးဌာနတို့ကိုအပ်နှံပြီး အမှုတွဲဖွင့်လှစ်နိုင်ဖို့ စေလွှတ်ခဲ့တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ထမ်းတစ်ဦးနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးတို့က မူဆယ်မြို့ကို မောင်းနှင်လာစဉ်မှာ မြကန်သာစက္ကူစက်ရုံအနီး ကုန်းဆင်းမှာ မော်တော်ယာဉ်ဘရိတ်ပေါက်ပြီး လမ်းရဲ့ဝဲဘက်မှာရှိတဲ့ ၁၅ ပေခန့်အနက်ရှိတဲ့ ချောက်အတွင်းကျဆင်းသွားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ ဦးခေါင်းကွဲ (လေးချက်ချုပ်) ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းတစ်ဦးမှာလည်း ပေါက်ပြဲ ဒဏ်ရာများရရှိခဲ့ပါတယ်။

**မေး။ ။နယ်စပ်ဂိတ်များနဲ့ လမ်းကြောင်းတွေမှာ စစ်ဆေးဖမ်းဆီးတဲ့ Mobile Team အဖွဲ့တွေရဲ့ လုံခြုံရေးကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ဝန်ထမ်းတွေရဲ့မိသားစုတွေအတွက် အစိုးရက ဘယ်လိုကူညီထောက်ပံ့ပေးပါသလဲ။**

ဖြေ။ ။Mobile Team အဖွဲ့ဝင်တွေရဲ့ လုံခြုံရေးအတွက် နိုင်ငံတော်အစိုးရက စတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပါဝင်ထည့်သွင်းဖွဲ့စည်းပေးထားပါတယ်။ ဒ့ါပြင် မိုင်းယောင်းနဲ့ မိုင်းယုအကြားမှာရှိတဲ့ နမ့်လွေချောင်းကူးတံတားအနီး လုံခြုံရေးတာဝန်ယူ ထမ်းဆောင်နေတဲ့ နယ်မြေခံတပ်ရင်းက အရာရှိ ဦးစီးတပ်ဖွဲ့ဝင် ၁၀ ဦးကလည်း နယ်မြေအခြေအနေအရ Mobile Team အဖွဲ့ရဲ့ လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိခိုက်ဒဏ်ရာရ/သေဆုံးဝန်ထမ်းများအတွက် နိုင်ငံတော်က သတ်မှတ်ထားတဲ့ ထောက်ပံ့ကြေးနှုန်းထားများအတိုင်း ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ Mobile Team အဖွဲ့အနေနဲ့ တရားမဝင်ကုန်သွယ်မှုပစ္စည်းများကို ထိထိရောက်ရောက် ဖမ်းဆီးမှုများ ပြုလုပ်နေသော်လည်း တရားမဝင်ကုန်သွယ်မှုတွေလျော့နည်းသွားခြင်းမရှိတာကို သိရှိရတဲ့အတွက် ဘယ်လိုအစီအမံတွေနဲ့လုပ်ဆောင်လျှင် ပပျောက်နိုင်မည်ကို ဖြည့်စွက်ဖြေကြားပေးစေချင်ပါတယ်။**

ဖြေ။ ။Mobile Team အဖွဲ့အနေနဲ့ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ဖမ်းဆီးမှုများကြောင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ စတင်ဖွဲ့စည်းတဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိခဲ့ပါတယ်။ အစိုးရသစ်တာဝန်ယူပြီးချိန်တွင် ကုန်သွယ်မှု လျင်မြန်စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၁၇၀ ဘီလီယံဖြစ်ပြီး စစ်ဆေးရေးစခန်းများဖြစ်တဲ့ မရမ်းချောင်း၊ ရေပူစမ်းတွေအပါအဝင် ဌာနမှစစ်ဆေးမှုတွေ လျှော့ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ ၁၈ ဒသမ ၀၄၅ ဘီလီယံရရှိခဲ့တဲ့အတွက် အနည်းငယ် ပြန်ကျဆင်းခဲ့လို့ Mobile Team ဖြင့် စစ်ဆေးမှု၊ ကြပ်မတ်မှုတွေ ပြုလုပ်ခဲ့တဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ ၂၄ ဒသမ ၉၆၃ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၅၆ သန်းထိ တိုးတက်လာတာတွေ့ရပါတယ်။ ယခု ဘဏ္ဍာနှစ်မှာလည်း ယခင်နှစ်ကာလတူထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိနိုင်ပါတယ်။ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုတွေကို လိုအပ်တဲ့နေရာဒေသတွေမှာ တိုးချဲ့ဖွဲ့စည်းတာဝန်ပေးအပ်ကာ ထိထိရောက်ရောက် ဆောင်ရွက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုသတင်းတွေ ရရှိအောင် စုံစမ်းဖော်ထုတ်တားဆီးဆောင်ရွက်သည့်နည်းတူ သတင်းမီဒီယာများကတစ်ဆင့် တရားမဝင်ဆောင်ရွက်နေသူတွေ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ကို ပြောင်းလဲရောက်ရှိစေရေး၊ အများပြည်သူတွေ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၊ လုပ်ငန်းဆောင်ရွက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပေးခြင်းတွေနဲ့ တရားမဝင်ကုန်သွယ်မှုတွေ လျော့နည်းပပျောက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးဇူးတင်ပါတယ်။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ဈေးဆိုင်ခန်းများ နေရာပြန်လည်ချထားရေး ဆောင်ရွက်မည်

**ကျိုက်ထို စက်တင်ဘာ ၁၂**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်မပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ လုပ်ငန်းဌာနများနှင့် အခြားလုပ်ငန်းအဖွဲ့များ၏ နေရာများ ပြန်လည်ချပေးပွဲကို စက်တင်ဘာ ၂၆ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရင်ပြင်တော်ထိန်းဂေါပကအဖွဲ့၏ စာရင်းများအရ ထမင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များ၊ အမှတ်တရပစ္စည်း စေတီပုထိုးပြုပြင်ခြင်းလုပ်ငန်းဌာနများ၊ ပိုင်ရှင်(လူဟောင်း)များကို ဦးစားပေးစနစ်အရ အခွန်ငွေပေးသွင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရသေ့တောင်အဆင်းလမ်းတစ်လျှောက်၊ ကျီးပါးစပ်အဆင်း လမ်းတစ်လျှောက်နှင့် ရင်ပြင်တော်သို့ အတက်လမ်းတစ်လျှောက်ရှိ ဈေးဆိုင်များ၊ နောက်တိုးကျီးပါးစပ်ဆိုင်ခန်းများ၊ မုဆိုးတောင်အဆင်းဆိုင်ခန်းများမှ ပိုင်ရှင်များအားလုံးကိုယ်တိုင်ကိုယ်ကျ အခမ်းအနားသို့ နံနက် ၇နာရီအရောက် တက်ရောက်ကြမည်ဖြစ်ပြီး နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ငွေပေးသွင်းရန်ပျက်ကွက်ခြင်း၊ တက်ရောက်လာခြင်းမရှိသူများအား ဆိုင်ခန်းနေရာပြန်လည်နေရာချထားရေးအဖွဲ့မှ လုံးဝတာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်းကန့်ကွက်လိုခြင်းများကိုလည်း ထိုနေ့တစ်ရက်တည်း အပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၅၃၇)


# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ C-Band IPSTAR သုံးစွဲသူများကို အသိပေးအကြောင်းကြားချက်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ C-Band IPSTAR သုံးစွဲသူများ အရည်အသွေးပိုမိုကောင်းမွန်စေရန် မူလ Thaicom-5 ဂြိုဟ်တုမှ Thaicom-7 ဂြိုဟ်တုသို့ Migration ပြုလုပ်ခြင်းကို သတင်းစာနှင့် Website များတွင် အသိပေးကြော်ငြာ၍ ၂၀၁၅ ခုနှစ် မတ်လ မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မူလThaicom-5 ဂြိုဟ်တုပေါ်မှ အသုံးပြုခြင်းကို ၁၅. ၉. ၂၀၁၅ နေ့မှစ၍ ရပ်ဆိုင်းတော့မည်ဖြစ်ပါသဖြင့် Migration ဆောင်ရွက်ရန်ကျန်ရှိသော C-Band IPSTAR စခန်းများမှ ဆက်သွယ်မှု ပြတ်တောက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ Migration ဆောင်ရွက်ရန် ကျန်ရှိနေသော သုံးစွဲသူများအနေဖြင့် ဖုန်း ၀၁-၆၅၃၃၉၆၊ ၀၁-၆၅၃၃၉၇၊ ၀၁-၅၄၂၁၀၈၊ ၀၁- ၅၅၂၂၁၉ တို့သို့ ဆက်သွယ်၍ ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**


# ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

(ကြေးမုံ)

## ❖ MNL မှ

ပထမပိုင်းကတည်းက အပြန်အလှန်ရှိခဲ့သည်။ အရေးပါသည့် ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး ခံစစ်ပိုင်းကို ဂရုပြုကစားခဲ့ရာ အခွင့်အရေး သိပ်မရခဲ့ပေ။ ဒုတိယပိုင်းအစတွင် ဟံသာဝတီအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ချင်းယူနိုက်တက်အသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ အသင်းခေါင်းဆောင် အောင်ဇော်နှင့် တိုက်စစ်မှူး အူစမန့်နာမ်တို့ အပိုင် ခေါင်းတိုက်ခွင့်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မိနစ် ၇၀ နောက်ပိုင်းတွင် ချင်းယူနိုက်တက်အသင်း ပြန်ဖိကစားနိုင်လာပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဟံသာဝတီ ခံစစ်ပိုင်းအမှားအယွင်းမရှိခဲ့၍ ဂိုးမရှိ သရေကျခဲ့ခြင်းဖြစ်သည်။

**(ကျောက်တိုင်ကွင်း)**
**ရောဝတီ - ဂိုးမရှိ**
**နေပြည်တော် - ဂိုးမရှိ**
**(မုံရွာကွင်း)**
**ဇေယျာရွှေမြေ - နှစ်ဂိုး**
**(ရဲထက်အောင်နှင့် ဗစ်တာ)**
**ဇွဲကပင် - တစ်ဂိုး**
**(ဇီကိုဗစ်)**
**(ယနေ့ပွဲ)**
**(သုဝဏ္ဏကွင်း)**
**မကွေး -ရတနာပုံ**
**(အောင်ဆန်းကွင်း)**
**ရခိုင် - ရန်ကုန်**
**(တောင်ကြီးကွင်း)**
**ကမ္ဘောဇ - မနောမြေ**

## ❂ ၂၀၁၆ အိုလံပစ်မှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနည်းစနစ် ဒါရိုက်တာ ဦးအေးမောင်ကြီးက "ကျွန်တော်တို့ အသင်းက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပြီး နှစ်ပတ်သာအနားယူခဲ့ပြီး ဆက်လက်စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲက ကစားသမားတွေကိုအမာခံရွေးချယ်ထားပြီး လူငယ်ကစားသမားငါးဦးကို အားဖြည့်ထားပါတယ်။ ကစားသမား၂၀ နဲ့ ဖွဲ့စည်းထားပါတယ်။ အခုပွဲမှာဂိုးသမားသုံးဦးထားရှိရမည့် စည်းကမ်းပါရှိပါတယ်။ စက်တင်ဘာ ၁ရက်မှ ၈ရက်နေ့အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့မှာခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင် တစ်ပွဲရှုံးခဲ့ပါတယ်။ အသင်းကိုနည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်တို့က တာဝန်ယူလေ့ကျင့်ပေးနေပါတယ်။ ကစားသမားအားလုံး ဒဏ်ရာရရှိမှုမရှိပါဘူး။ အောင်မြင်အောင် ကြိုးစားကစားသွားမှာပါ "ဟုပြောကြားသည်။

**တင်မောင်-မန်းကိုယ်ပွား**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# သက်ကြီးရွယ်အိုများအား အိုပယ်များအဖြစ် အထီးကျန်ခံစားမှုမဖြစ်ပေါ်အောင် ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့

နန္ဒာဝင်း

သက်ရှိတွေမှာ "အိမ်"ရှိတယ်။ သက်မဲ့တွေမှာ ရှိတဲ့အိမ်က ဘာအိမ်လဲဆိုပြီး မေးလိုက်ရာ စကားသံတွေ ခေတ္တငြိမ်သက်သွားပါတယ်။ ထို့နောက် "မီးအိမ်" ဆိုပြီး အသံတစ်သံ ထွက်လာပါတယ်။

အနုပညာရှင်တစ်ယောက်ရှိပါတယ်။ သူက သိန်းနဲ့ ချီပြီးတန်ပါတယ်။ သူ့နာမည်က ဘယ်သူလဲဆိုပြီး ဒုတိယ ပဟေဠိ ထပ်ဖွက်လိုက်ပါတယ်။ ပထမတစ်ကြိမ်တုန်းလောက် စဉ်းစားမနေကြတော့ဘဲ "သိန်းတန်" ဆိုပြီး ဖြေကြပါတယ်။

ရယ်မောခြင်းဖြင့် အသက်ရှည်၏ဆိုသလို ဒါကတော့ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Center)မှာ စောင့်ရှောက်မှုခံယူနေကြတဲ့ ဘိုးဘွားတွေ စကားထာဖွက်နေကြတာပဲ ဖြစ်ပါတယ်။

နောင်လာမည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအများစုတွင် လူများသည် သက်တမ်းပိုရှည်လာကြသည့်အတွက် သက်ကြီးရွယ်အိုဦးရေများပြားလာသည်။ မွေးဖွားနှုန်းလည်း ကျဆင်းလာသည့်အတွက် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးမည့်သူနည်းလာသည်။

ထို့ပြင် ဘဝနေထိုင်မှုများလည်း ပြောင်းလဲလာပြီး မိသားစုထဲတွင် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အားလုံးနီးပါးသည် အပြင်ထွက်စီးပွားရှာလာကြရာ အိမ်တွင် တစ်ဦးတည်းကျန်ခဲ့သည့် ဘိုးဘွားများသည် အထီးကျန်ခံစားလာကြရသည်။ ထို့ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရိပ်သာအခြေပြုနှင့် ရပ်ရွာအခြေပြု နှစ်ခုပေါင်းစပ်ကာ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာတွင် ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အသက် ၇၀ နှင့်အထက် အဘွား ၂၀ နှင့် အဘိုး ၅၀ တို့အား လက်ခံစောင့်ရှောက်မှုပေးလျက်ရှိသည်။ ပြုစုစောင့်ရှောက်မှုအနေဖြင့် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးနှင့် လူမှုရေးအရ စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဘဝတစ်သက်တာ လေ့လာစရာ အစီအစဉ်များနှင့် အာဟာရကျွေးမွေးမှု အစီအစဉ်များ ပါဝင်သည်။

"အဓိကက အသက် ၇၀ အထက် အထီးကျန်ခံစားနေရသူတွေကို စောင့်ရှောက်ပေးတာပါ။ ဒီကိုလာတဲ့ အဘိုး အဘွားတွေမှာ တချို့က သွေးတိုး၊ ဆီးချိုလောက်ရှိကြပေမယ့် ကျန်းမာရေးကောင်းမွန်တယ်၊ တစ်ကိုယ်ရေသွားလာနိုင်ကြတယ်။ ဒီမှာ စားတာ၊ သောက်တာကအစ သူတို့ဘာသာလုပ်နိုင်တဲ့ အဘိုးအဘွားမျိုးတွေ ဖြစ်ပါတယ်"ဟု အဆိုပါစင်တာမှ တာဝန်ခံဆရာဝန်တစ်ဦးက ပြောသည်။

တစ်ပတ်လျှင် သုံးရက်ခန့် သက်ကြီးပညာပေးအစီအစဉ်အရ သက်ကြီးဘိုးဘွားများအချင်းချင်း အတွေ့အကြုံမျှဝေခြင်း၊ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ စကားနပန်းကဲ့သို့ စကားရည်လုခြင်းများကို ထည့်သွင်းကျင်းပပေးရာ ဘိုးဘွားများ တက်တက်ကြွကြွ ပါဝင်ကြသည်ဟုလည်း သိရသည်။

"အဘိုး အရင်က စစ်ကိုင်းမှာနေပါတယ်။ အခုတော့ မြောက်ဒဂုံမှာနေတာပါ။ ပတ်ဝန်းကျင်ဆိုတာ မနာလိုမှု၊ ဝန်တိုမှုတွေနဲ့ မသိမသာနှိပ်စက်နေပါတယ်။ ဘဝနေဝင်ချိန်ကို ဖြောင့်ဖြောင့်တန်းတန်း နေထိုင်သွားချင်ပါတယ်။ ဒါကြောင့် အေးချမ်းအောင် ဒီကိုရောက်လာတာပါ။ အဘိုး အဘွားတွေအချင်းချင်း ရယ်စရာတွေ၊ ဟာသတွေပြောကြတယ်။ စိတ်ပျော်ရွှင်ရသလို ကိုယ်မသိတာတွေလည်း ထပ်သိလာရတယ်"ဟု အသက် ၈၀ ကျော်အရွယ်ရှိ အဘိုး ဦးတင်စိုးက ပြောသည်။

ယခုအချိန်တွင် အသက် ၆၀ အထက် သက်ကြီးရွယ်အိုများ၏ အချိုးအစားသည် မြန်မာတစ်နိုင်ငံလုံး လူဦးရေစုစုပေါင်း၏ ၉ ရာခိုင်နှုန်းဖြစ်နေပြီး ၂၀၅၀ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း ဖြစ်လာလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မက်ဒရစ် နိုင်ငံတကာ သက်ကြီးရွယ်အိုများစောင့်ရှောက်မှုလုပ်ငန်းအစီအစဉ်အရ ရေးဆွဲထားသော သက်ကြီးရွယ်အိုများဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ် ဇွန် ၁၄ ရက်က အတည်ပြုပြီး ၎င်းစီမံကိန်းတွင် သက်ကြီးရွယ်အိုများဘဝ သာယာဝပြောရေးနှင့် အကာအကွယ်ပေးနိုင်ရေးအတွက် ကဏ္ဍ ၉ ခုအား ဦးစားပေးဆောင်ရွက်ရန် ရေးဆွဲခဲ့ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်အရ ဆောင်ရွက်မည့် အဓိက လုပ်ငန်းစဉ် ရှစ်ခုတွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းအစီအစဉ်ပါရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်နိုင်ရေး စီစဉ်ထားရှိပြီး အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ဘိုးဘွားစာရင်းများ ပြုစုဆောင်ရွက်လျက်ရှိသည်။**

သက်ကြီးရွယ်အိုများ၏ အကျိုးစီးပွားမြှင့်တင်ရန်နှင့် အခွင့်အရေးများအား အကာအကွယ်ပေးနိုင်ရန်အတွက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို နိုင်ငံတကာနှင့် ပြည်တွင်းမှကျွမ်းကျင်သူများ၏ အကြံဉာဏ်ရယူပြီး ရေးဆွဲခဲ့ရာ ဥပဒေ(မူကြမ်း)အဆင့် ထွက်ရှိပြီးဖြစ်သည်။

"သက်ကြီးရွယ်အို အရေအတွက် များလာတဲ့အတွက် ဆောင်ရွက်ပေးရမယ့် အခန်းကဏ္ဍတွေလည်း ရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ကုလသမဂ္ဂကချမှတ်ထားတဲ့ အခြေခံမူ၊ ၂၀၀၂ ခုနှစ် စပိန်နိုင်ငံ မက်ဒရစ်မြို့မှာကျင်းပတဲ့ ညီလာခံက ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေအပြင် သက်ကြီးရွယ်အိုတွေရဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်ခွင့်တွေ ရရှိစေဖို့ အကောင်အထည်ဖော်တာလည်း ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေမူကြမ်းကို လွှတ်တော်ကို တင်ပြခွင့်ပြုနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဝန်ကြီးဌာနက ပေးပို့ထားပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

သက်ကြီးရွယ်အိုဥပဒေပြဋ္ဌာန်းခြင်းသည် သက်ကြီးရွယ်အိုများကို နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် အခန်းကဏ္ဍ၊ ပြည်သူများဘက်က ပြန်လည်စောင့်ရှောက်ပေးရမည့် တာဝန်၊ ဝတ္တရား၊ တန်ဖိုးထားမှုများကို ဖော်ထုတ်နိုင်ရန်လည်းဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဥပဒေတွင် သက်ကြီးရွယ်အိုများအတွက် အသိအမှတ်ပြု သက်သေခံကတ်ပြား ထုတ်ပေးထားမည်ဖြစ်ပြီး ခရီးသွားလာရာတွင်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ အပန်းဖြေနေရာများတွင်လည်းကောင်း၊ လူမှုရေးပင်စင်ပေးအပ်ရာတွင်လည်းကောင်း အထူးအခွင့်အရေး ရရှိမည်ဟုလည်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေထုတ်ပြန်နိုင်မယ်ဆိုရင် နိုင်ငံအတွက်လည်း ဂုဏ်သိက္ခာရှိလာမယ်။ အစိုးရဘက်က ဆောင်ရွက်ပေးရမယ့် အခန်းကဏ္ဍတွေ၊ ကာကွယ်စောင့်ရှောက်ခွင့်တွေရှိလာမယ်။ သက်ကြီးရွယ်အိုတွေဘက်ကလည်း အခွင့်အရေးတွေ ရလာမယ်။ ပြည်သူတွေဘက်ကလည်း တန်ဖိုးထားလာမှာ ဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အရ ဆောင်ရွက်မည့် အဓိက လုပ်ငန်းစဉ် ရှစ်ခုတွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းအစီအစဉ်ပါရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်နိုင်ရေး စီစဉ်ထားရှိပြီး အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ဘိုးဘွားစာရင်းများပြုစုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာတွင် အသက် ၆၀ အထက်ကို သက်ကြီးရွယ်အိုအဖြစ် အသိအမှတ်ပြုထားပြီး မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေတွင်လည်း အသက်၆၀ နှစ်အထက်ကို သက်ကြီးရွယ်အိုအဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် အသက် ၆၀ အထက် သက်ကြီးရွယ်အို အရေအတွက် ၄ သန်းခွဲခန့်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများသည် မိသားစု၊ သား၊သမီး၊မြေး၊မြစ်များနှင့် အတူတကွပူးတွဲနေထိုင်လေ့ရှိကြပြီး သက်ကြီးများ၏ အတွေ့အကြုံကို ပြန်လည် မေးမြန်းခြင်း၊ အကြံဉာဏ်ရယူခြင်းစသည့် အစဉ်အလာများရှိကြသည်။ သက်ကြီးရွယ်အိုများကလည်း ရပ်ရွာအတွင်းရှိ သာရေး၊နာရေးပွဲများတွင် ဦးဆောင်ကာ ရပ်ရွာကောင်းကျိုးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိနေကြသည်။

"သက်ကြီးရွယ်အိုတွေရဲ့ အခန်းကဏ္ဍက နိုင်ငံတကာမှာ ကုလသမဂ္ဂက ချမှတ်ထားတဲ့ အခြေခံမူငါးရပ်ရှိပါတယ်။ အဲဒီထဲမှာ( participation ) လို့ခေါ်တဲ့ လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရမယ်ဆိုတာ ပါရှိပါတယ်။ အသက်ကြီးသွားလို့ သူတို့ကို ပစ်ပယ်ထားတာမျိုး မဟုတ်ဘူး။ အကြံဉာဏ်တွေ ရယူတယ်။ သူတို့ကိုယ်တိုင် နိုင်ငံတော်အခမ်းအနားတွေမှာ ပါဝင်တက်ရောက်ဆောင်ရွက်တာမျိုးတွေ ရှိပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသည် ၁၉၉၉ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" သတ်မှတ်ပြီး နိုင်ငံတော်အခမ်းအနားတစ်ခုအဖြစ် နှစ်စဉ်ကျင်းပခဲ့သည်။

ယခုနှစ်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ သမ္မတ၊ ဒုတိယသမ္မတများနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ လစာငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသက် ၁၀၀ နှစ်နှင့်အထက် စုစုပေါင်း ဘိုးဘွားဦးရေ ၁၁၇၉ ဦးအား တစ်ဦးစီကို ကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်းလုံးရှိ အသက် ၉၀ နှင့် ၁၀၀ အတွင်းဘိုးဘွားများအား ထောက်ပံ့ပေးနိုင်ရေး စာရင်းပြုစုလျက်ရှိရာ ယခုနှစ်မေလကုန်အထိ ပေးပို့လာသော စာရင်းအရ စုစုပေါင်း ၂၃၈၇၉ ဦးရှိသည်။ အဆိုပါဘိုးဘွားများကို ငွေကြေးထောက်ပံ့နိုင်ရန် နိုင်ငံတော်ရန်ပုံငွေမှ ကျပ်သန်း ၅၀၀ ခွဲဝေချထားပေးပြီး သတ်မှတ်နှုန်းထားများဖြင့် ထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများအား ငွေကြေးစောင့်ရှောက်မှုများသာမက ကျန်းမာရေး၊ လူမှုရေးစသဖြင့် စိတ်ပိုင်းဆိုင်ရာများကိုလည်း ဝိုင်းဝန်းအားဖြည့်ပေးကြရမည်ဖြစ်သည်။

လူတိုင်းသည် မသေ၍ အသက်ရှည်ရှည် နေရမည်ဆိုပါက တစ်နေ့အိုကြရဦးမည်။ အို၍ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ပယ်လိုက်ကြသည့် အိုပယ်များအဖြစ် အထီးကျန်ခံစားမှုများ မဖြစ်ပေါ်အောင် မိသားစုသာမက လူမှုအသိုင်းအဝန်းတစ်ခုလုံးက နွေးနွေးထွေးထွေး ဆက်ဆံကာ စောင့်ရှောက်ကြခြင်းဖြင့် လူသားတာဝန် ကျေပွန်ကြပါစို့ဟု................။

## ရတနာ့ဂူဘုရားပွဲတော်တွင် ဘုရားဖူးညှော်သည်များ ကြက်ပျံမကျအထူးစည်ကား

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ်(၄)ရပ်ကွက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ရတနာ့ဂူဘုရားပွဲတော်အား ဝါခေါင်လပြည့်ကျော်(၇)ရက်မှ လကွယ် (၁၄) ရက်ထိ စည်ကားသိုက်မြိုက်စွာ ပြုလုပ်လေ့ရှိသည်။

စက်တင်ဘာ ၉ ရက် (လပြည့်ကျော် ၁၀ ရက်)တွင် ပုပ္ပားမယ်တော်အား ချိုးရေတော်သုံးပြီး နတ်သဘင်ပွဲကို စည်ကားစွာ ကျင်းပခဲ့ကာ ပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဇာတ်သဘင်မင်းသား ဖိုးချစ်တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လာရောက်ကြည့်ရှုကြသော ဘုရားဖူးညှော်သည်များဖြင့် ကြက်ပျံမကျ အထူးစည်ကား သိုက်မြိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရတနာ့ဂူဘုရားပွဲတော်အား နှစ်စဉ်လပြည့်ကျော် ၇ ရက်မှစတင်ကာ ရက်သတ္တတစ်ပတ်ကျင်းပမြဲဖြစ်ပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးညှော်သည်များဖြင့် အထူး စည်ကားလေ့ရှိသည်။

**ညီညီ(သမိုင်း)**

## ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

**ဟားခါး စက်တင်ဘာ ၁၂**

ဇွန်၊ ဇူလိုင်လကုန် ရက်များအတွင်း ချင်းပြည်နယ် ဟားခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူနေအိမ်များ၊ လမ်း၊ တံတားများ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကာ ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်အချို့နေ ပြည်သူများ သဘာဝဘေးသင့်ခဲ့ကြရာ ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းခြောက်ခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

၎င်းကယ်ဆယ်ရေးစခန်း ခြောက်ခုဖြစ်သည့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ခိုင်ကမ်းအားကစားရုံ၊ ကာဆင်နှစ်ခြင်းဘုရားကျောင်း၊ ဗေသလနှစ်ခြင်းဘုရားကျောင်း၊ BCM ဘုရားကျောင်းနှင့် ချင်းခရစ်ယာန် ဓမ္မတက္ကသိုလ်များရှိ သဘာဝဘေးသင့် ပြည်သူများအား ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦးစီဖြင့် နေ့/ညတာဝန်ချထား၍ ဆရာဝန်များက လှည့်လည်ကြီးကြပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဟားခါးခရိုင် (ပြန်/ဆက်)**

# အခုတလော သူတို့ဘာလုပ်နေကြသလဲ



## ထွန်းထွန်း(Examplez)

"လတ်တလောမှာတော့ ဗီဒီယိုကားတွေ၊ ရုပ်ရှင်ကားတွေ ပြန်ရိုက်ကူးနေပါပြီ။ နောက်ပြီး ကျွန်တော့်ရဲ့ တစ် ကိုယ်တော်အခွေ ဖြစ်တဲ့ စူပါစတားအခွေကိုလည်း ၁၀ လပိုင်းမှာ ထွက်ဖို့ကြိုးစားနေပါတယ်။ နောက်ပြီး စက်တင်ဘာ ၇ ရက်က သုဝဏ္ဏအားကစားကွင်းမှာ ရေဘေးသင့်ပြည်သူတွေအတွက်ရန်ပုံငွေဘောလုံးပွဲ ကန်ပေးခဲ့ပါတယ်"ဟု ဆိုသည်။

မကြာမီက ကပြဖျော်ဖြေခဲ့သည့် နှင်းဆီနေ့သစ်အငြိမ့်တွင် အခက်အခဲ အနေဖြင့် ထွေထွေထူးထူးမရှိခဲ့ဘဲ ပရိသတ်ကြိုက်နှစ်သက်အောင် အကောင်းဆုံးကြိုးစားတင်ဆက်ခဲ့ကြောင်း၊ ပရိသတ်များ ကြိုက်နှစ်သက်သည်ကို သိရသဖြင့် ဝမ်းသာကြည်နူးမိပါကြောင်း ပြောကြားခဲ့သည်။

ထွန်းထွန်း(Examplez)သည် စက်တင်ဘာ ၅ ရက်က မြို့ရွှေမန်းသားလေးဖိုးချစ် ခေါင်းဆောင်သည့် ဘောလုံးရူးလေးများအသင်းနှင့်အတူ တပ်ကုန်းမြို့ မြို့နယ်ဘောလုံးကွင်းတွင် ဘောလုံးပါဝင်ကစားပေးခဲ့ပြီး "ဒီလိုပွဲတွေ ကန်ရတာ ပရိသတ်တွေနဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရတယ်။ ပရိသတ်ဆိုတာတောင် ရှိုးပွဲတွေဆိုရင် မိန်းကလေးပရိသတ်ပိုများတယ်။ ဒါမျိုးပွဲတွေကျတော့ ယောကျ်ားလေးရော၊ မိန်းကလေးရောပါတယ်။ ခုဆိုရင် ဘောလုံးပွဲတွေမှာလည်း မိန်းကလေးပရိသတ်တွေများလာတယ်။ ပိုစိတ်ဝင်စားလာတဲ့အတွက် မြန်မာ့ဘောလုံးပရိသတ် တိုးပွားလာတာပေါ့" ဟု ဆိုသည်။

## ဂျေညီညီ

"လောလောဆယ်တော့ ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေဂီတဖျော်ဖြေပွဲတွေမှာ သီချင်းတွေဆိုပေးနေပါတယ်"ဟု ဆိုသည်။

ယခုလက်ရှိတွင် ဂီတလောက၌ ဂီတမျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် အဆိုပြိုင်ပွဲများကျင်းပပေးလျက်ရှိသည့်အပေါ် "လူငယ်မျိုးဆက်သစ်တွေအတွက် လမ်းပွင့်သွားတာပေါ့ဗျာ။ နောက်ပြီး အနုပညာအလုပ်မှာ စန်းကလည်း အဓိကကျပါတယ်။ အဲဒါကြောင့် စန်းတက်လာတဲ့အချိန်မှာ ရရှိလာတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အခြေခိုင်အောင်ကြိုးစားကြရင်တော့ ကိုယ့်အတွက်ရော၊ ပရိသတ်အတွက်ရော အကျိုးရှိတာပေါ့ဗျာ"ဟု ဆိုသည်။

## ရာဇာနေဝင်း

"စက်တင်ဘာ ၇ ရက်က ရုပ်ရှင်အစည်းအရုံးနဲ့ ဂီတအစည်းအရုံးတို့ ဘောလုံးပွဲမှာ ပါဝင်ဘောလုံးကန်ပြီး စက်တင်ဘာ ၁၀ ရက်က ဒါရိုက်တာ ဦးညီညီလွင်နဲ့ ရုပ်ရှင်ကားကြီးတစ်ကားရိုက်ခဲ့ပါတယ်။

## ဖိုးချစ်



လက်ရှိမှာတော့ အမရပူရ နားက ချောင်းဝမှာ သုံးည၊ ပြီးရင် ရတနာ့ဂူဘုရားပွဲ၊ ပြီးရင် မင်းကွန်းနဲ့သာစည် ဘက်ကို ဆက်သွားဖို့ရှိ ပါတယ်။ ပွဲကတဲ့ နေရာ တိုင်းမှာ ဘောလုံးပွဲတွေ စီစဉ်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ရေဘေးကြောင့် စိတ်ညစ် နေကြတဲ့အချိန်မှာ ပရိသတ်တွေကို ပျော်စေချင်တယ်။ စိတ်ချမ်းသာစေချင်လို့ပါ။

ဖြိုးစန္ဒာမြင့်

# သီချင်းဆိုပြီး သောကတွေကိုဖြေဖျောက်နည်း



အကယ်၍သင်သည် နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရသော စိတ်ရှုပ်ထွေးစရာ၊ စိတ်ပျက်အားငယ်စရာများကို မဖြေဖျောက်ဘဲ တအုံ့နွေးနွေး ထပ်ကာထပ်ကာခံစားနေမည်ဆိုပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သလို အခြားမလိုလားအပ်သော လူမှုရေးပြဿနာများလည်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့်မိမိစိတ်အား အနှောင့်အယှက်ပေးသည့် အရာမှန်သမျှကို ပြေလျော့သွားရန် တရားရှုမှတ်ပြီးစိတ်တည်ငြိမ်အောင် မပြုလုပ်နိုင်သောအခါ သီချင်းသီဆိုဟစ်ကြွေးပြီး ဘဝအမောများကို ဖြေဖျောက်ပစ်ဖို့ အကြံပေးလိုပါသည်။ မိမိ၏စိတ်ရော လူရောနှစ်ကာ သီချင်းတစ်ပုဒ်ကို အားပါးတရ တစ်ယောက်တည်း သီဆိုဟစ်ကြွေးပြီး စိတ်ဆင်းရဲစရာကိစ္စများကို ဖြေဖျောက်စေနိုင်မည့် နည်းလမ်းအချို့ကို လိုက်နာကျင့်သုံးလိုသူများအတွက် ဝေမျှလိုက်ပါသည်-

(၁) မိမိ၏လက်ရှိစိတ်ခံစားမှုနှင့် ကိုက်ညီသော သီချင်း တစ်ပုဒ်ကို ရွေးချယ်ပါ။

(၂) ထိုသို့ရွေးချယ်ရာတွင် သံစဉ်နှင့် စာသားများကောင်းမွန်မှုကို အဓိကထား ရွေးချယ်ရမည်မဟုတ်ဘဲ မိမိနှစ်သက်ရာသီချင်းကို ရွေးချယ်နိုင်ပါသည်။

(၃) သင်၏စိတ်အားအမှန်တကယ်နှစ်သိမ့်မှုပေးနိုင်ပြီး သီချင်းစာသား အားလုံးကို ခံစားသီဆိုနိုင်မည့် သီချင်းပုံစံမှန်ကန်ဖို့လည်းလိုအပ်သည်။ သို့မှသာ မိမိရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများ၊အခြေအနေများနှင့်ကိုက်ညီမှုရှိသည့်စာသားများကြောင့် စိတ်ခံစားမှုကိုပိုမိုအားကောင်းစေပြီး သီချင်းသီဆိုအပြီးတွင် နေရထိုင်ရ သက်သာမှုရှိပြီး စိတ်ဆင်းရဲမှုများအတန်ငယ် လျော့ကျသွားနိုင်သည်။

(၄) သင်သီချင်းသီဆိုမည့် အခန်းနေရာကိုလည်း လုံလောက်သော အလင်းရောင်ရရှိပါစေ။ သို့မှသာ စွမ်းအားပြည့်ဝသော ခံစားမှုမျိုးကို ရရှိခံစားနိုင်စေနိုင်မည်ဖြစ်သည်။

(၅) သီဆိုမည့်သီချင်းကိုလည်း မှန်ကန်စွာ ရွေးချယ်ပြီး အခန်းနေရာအတွက်လည်း အဆင်သင့်ဖြစ်ပြီဆိုပါလျှင် မျက်လုံးများကိုအသာအယာမှိတ်ထားလိုက်ပါ။ ပြီးလျှင် အသက်ရှူသွင်း၊ရှူထုတ်ပြုလုပ်ပေးပါ။

(၆) အသက်ရှူသွင်းသည့်အကြိမ်တိုင်းတွင် စွမ်းအင်များကို မိမိကိုယ်တွင်းသို့ ရောက်ရှိလိုက်သကဲ့သို့ ခံစားမှတ်ယူပါ။

(၇) ထို့နောက်သီချင်းစာသားများ၏ အဓိပ္ပာယ်ဆိုလိုရင်းကို စိတ်ထဲတွင် ပုံဖော်တွေးတောပြီး ခံစားချက်အပြည့်ဖြင့် သီဆိုလိုက်ပါ။

မျက်စိမှိတ်ထားပြီးသီဆိုခြင်းသည် စိတ်ခံစားချက်ကို ပိုမိုအားကောင်းစေသည်။ စိတ်သောကများပြေပျောက်ရန် သီချင်းသီဆိုရာတွင် မည်သူမျှမိမိသီချင်းကို နားမထောင်နေသကဲ့သို့ စိတ်လွတ်လက်လွတ် သီဆိုရန်မှာ အရေးကြီးသည်။ ယင်းသို့ပြုလုပ်ခြင်းသည် အနည်းငယ်ကိုယို့ကားယားနိုင်သည်ဟု ထင်ရသော်ငြားလည်း စိတ်လက်ပေါ့ပါးလန်းဆန်းမှုကို ပေးစွမ်းနိုင်သည့်အတွက် သင့်အား စိတ်ကျေနပ်မှုကိုရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် သီချင်းသီဆိုခြင်းသည် စိတ်ကြည်နူးမှုကို ဖြစ်စေသည်သာမက နှလုံးကျန်းမာရေးကိုလည်း ပိုမိုကောင်းမွန်စေနိုင်ပေသည်။

လန်ဒန်တက္ကသိုလ်ရှိ ဂီတပါမောက္ခဂရေဟမ် ဝဲလ်၏ နှစ်ပေါင်း၃၀ ကြာ စူးစမ်းလေ့လာ တွေ့ရှိ ချက်များအရ သီချင်းသီဆိုပေးခြင်းဖြင့် သွေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေပြီး ကိုယ်ခန္ဓာအပေါ်ပိုင်းရှိ ကြွက်သားများကို သန်မာစေသည့် အေရိုးဗစ် လေ့ကျင့်ခန်းသဖွယ်ဖြစ်စေသဖြင့် ခန္ဓာကိုယ်အတွက် များစွာ အကျိုးကျေးဇူးရရှိစေနိုင်ပေသည်။

စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးအနေဖြင့် လူ၏စိတ်ခံစားမှုများကို ပိုမို ကောင်းမွန်စေပြီး စိတ်ဖိစီးမှုများကိုလည်း လျှော့ချပေးနိုင်သည်။ ပုံမှန်သီချင်း သီဆိုလေ့ကျင့်သောသူများသည် သီချင်းမသီဆိုသူများထက် ပိုမိုအသက်ရှည် စေနိုင်ကြောင်းကိုလည်း လန်ဒန်ရှိ ဂီတပညာသင်ကျောင်းမှ အဆိုတော် ဟယ်လင်အက်စထရစ်ဦးဆောင်သော သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။ နှလုံးနှင့် အဆုတ်ကျန်းမာရေးကို အထူးကောင်းမွန်စေသည့်အပြင် သီချင်းသီဆိုနေစဉ်အတွင်း ကိုယ်ခန္ဓာအနှံ့အပြားတွင် အင်ဒိုဖင်းဟုခေါ်သည့် ဟော်မုန်းများကို အများအပြားထုတ်လုပ်ပေးသည်။ အဆိုပါဟော်မုန်းများသည် လူ၏စိတ်ခံစားမှုများကို ပိုမိုကောင်းမွန်စေသည်။ ထို့ပြင်သီချင်းသီဆိုခြင်းသည် ချောကလက်တစ်ပါကင်စားသည်နှင့် ညီမျှပြီး ခန္ဓာကိုယ်တွင်းရှိ ကယ်လိုရီများကို လျှော့ချပေးနိုင်စွမ်းရှိလေသည်။

သီချင်းသီဆိုခြင်းဖြင့် အဆုတ်အားကောင်း မွန်စေခြင်း၊ စကားပြောဆိုရာတွင် အသံနေအသံထားကောင်းမွန်စွာဖြင့် သူတစ်ပါးစိတ်ဝင်စားအောင် ပြောဆိုတတ်လာခြင်း၊ တေးသီချင်းစာသားများကြောင့် စိတ်ခံစားမှုများကို နိုးကြားလာစေခြင်း၊ အသက်အရွယ်မရွေး ပျော်ရွှင်မှုကိုခံစားရရှိစေနိုင်ခြင်း၊ စိတ်ကူးစိတ်သန်း၊ ပျော်ရွှင်မှုနှင့် စိတ်ခံစားမှုများကို အထူးကောင်းမွန်စေသည့်အပြင် စွမ်းအင်ပြည့်ဝပြီး တက်ကြွသည့် လူနေမှုပုံစံကိုပါ ရရှိနိုင်ပေသည်။

ထို့ကြောင့် သင်စိတ်အနှောင့်အယှက်တစ်စုံတစ်ရာဖြစ်ပေါ် ခံစားရသည့်အခါတိုင်း တစ်ယောက်တည်းသီချင်းသီဆိုပြီးသာ စိတ်ရှုပ်စရာများကို ရှင်းထုတ်ကြည့်ပါ။ ယခုအချိန်မှစပြီး သင်အချိန်အကြာကြီး စွဲစွဲလန်းလန်း နှစ်သက်သဘောကျစွာ သီဆိုလာသော သီချင်းတစ်ပုဒ်ကို စိတ်ညစ်သည့်အခါတိုင်း ခံစားချက်အပြည့်ဖြင့်သာ သီဆိုဟစ်ကြွေးကြည့်လိုက်ပါ။ သင်လတ်တလောခံစားနေရသည့် စိတ်ပူပန်သောကများ အတော်အသင့် သက်သာလာပြီး စိတ်သစ်လူသစ် စွမ်းအင်အသစ်ဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပြီး ဘဝခရီးကို ပျော်ပျော်ရွှင်ရွှင်လျှောက်လှမ်းလိုက်ပါဟု အကြံပြုတိုက်တွန်းလိုက်ပါသည်။

ချစ်မေ (ကလော)

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၃ - ၉ - ၂၀၁၅ (တနင်္ဂနွေနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၅၀ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၀ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၁း၅၀ တစ်ပတ်အတွင်းပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လိုအပ်ချက်များနဲ့လူ
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကွန်မန်ဒို အပိုင်း(၁၁)
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၆၁)
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၁၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ပဟေဠိနန်းတော်
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အဆုံးမရှိ (အပိုင်း-၂၀) [ဇာတ်သိမ်းပိုင်း]

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "သောတပန်၏ ဘဝနှင့်အသိ" တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၈း၄၀ Cartoon Series (Go Torara Go)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၃)
၉း၄၅ Weekly Sports Diary
၁၁း၀၅ Star တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း- ၃+၄)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၁)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၂)
၇း၃၀ Fashion Week [မိတ်ကပ် ညီညီမောင်(စမ်းချောင်း)] (Part-2)
၇း၅၅ Myanmar's Got Talent
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၄)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း- ၅+၆)
၁၁း၁၀ Sunday Talk (ဦးဇော်မျိုးလှိုင်၊ ဦးမျိုးမြတ်သူ)
၁၁း၅၅ "သောတပန်၏ ဘဝနှင့်အသိ" တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၁း၄၀ MRTV-4 Stage
၂း၁၀ ခေတ်သစ်ပျိုမေ
၄း၁၀ World of Knowledge (Megastructure Swedish Super Car)

### mitv

07:25 My Tour Around Hopone City
07:38 Herbal Medicine By Thurein (Aloe Vera)
08:26 One Heritage……One Festival
08:44 Sagaing: Youth Leader
08:54 TECH School
09:26 To The Land Of Countless Temples - Bagan Trip (Ep-2)
09:47 Pet Fish Biz
10:26 Myanmar Entrepreneur Entrepreneur: Chaw Khin Khin
10:35 The World's Largest Book
07:25 Let's Cook (EP-1) Savory Dory Steak with Lemon & Mixed Berry Smoothie
07:50 Today Myanmar
08:26 "Myanmar Music Icon" Ko Nay Win, Creator of Myanmar Own Tune Songs (Episode-2)
08:50 Myanmar Masterclass: 3D

# ဆရီနာဝီလျံရှုံးနိမ့်ပြီး ဖက်ဒဲရာနှင့် ဂျိုကိုဗစ်ချ်တို့ ဖလားလုရတော့မည့် ယူအက်စ်အိုးပင်းဗိုလ်လုပွဲ

ယူအက်စ်အိုးပင်း အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်မှာ လက်ရှိချန်ပီယံလည်းဖြစ်၊ ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်လည်းဖြစ်သူ ဆရီနာဝီလျံဟာ နိုင်ငံခြေအဆင့်သတ်မှတ်မခံရသူ အီတလီတင်းနစ်မယ် ဗင်စီကို ၂-၆၊ ၆-၄၊ ၆-၄နဲ့ ရှုံးနိမ့်ကာ အကြိုဗိုလ်လုပွဲအဆင့်နဲ့သာကျေနပ်ခဲ့ရတာကြောင့် ဒါဟာတင်းနစ်ပရိသတ်တွေအားလုံးကို ကြက်သေသေသွားစေခဲ့တဲ့ တင်းနစ်လောကရဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုလို့ ဘီဘီစီသတင်းဌာနကဖော်ပြပါတယ်။

ဆရီနာဟာ ယခု ယူအက်စ်အိုးပင်းမှာလည်း ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးဖြစ်နေခဲ့ပြီး ၁၉၈၈ခုနှစ် စတပ်ဖီဂရာဖ်ပြီးတဲ့နောက်ပိုင်းမှာ တစ်နှစ်အတွင်း ဂရင်းစလင်းလေးလုံး စလုံးဆွတ်ခူးနိုင်တဲ့ စတုတ္ထမြောက်တင်းနစ်မယ်ဖြစ်ဖို့ ကြိုးပမ်းခဲ့ပေမယ့် အခုတော့ကြိုးပမ်းသမျှ သဲထဲရေသွန်ဖြစ်ခဲ့ရပါပြီ။

အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များမှာတော့ ဆွစ်တင်းနစ်အကျော်အမော် ဖက်ဒဲရာက ဆွစ်ကစားသမား ဝေါ်ရင်ကာကို ၆-၄၊ ၆-၃၊ ၆-၁နဲ့အနိုင်ယူခဲ့သလို ဂျိုကိုဗစ်ချ်ကလည်း လက်ရှိချန်ပီယံစီလစ်ကို ၆-ဝ၊ ၆-၁၊ ၆-၂နဲ့ အနိုင်ယူနိုင်ခဲ့တဲ့အတွက် အခုယူအက်စ်အိုးပင်း ဗိုလ်လုပွဲမှာ သူတို့နှစ်ဦး ထိပ်တိုက်တွေ့ဆုံနေပါပြီ။ ဒီလိုဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းက ဖက်ဒဲရာအတွက် ၂၀၀၉ နောက်ပိုင်း ပထမဆုံးအကြိမ်ယူအက်စ်အိုးပင်း ဗိုလ်လုပွဲကိုပြန်လည်တက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။

ဒီနှစ်ယူအက်စ်အိုးပင်းမှာ လက်စွမ်းပြနေတဲ့ အသက်(၂၈)နှစ်အရွယ်ဂျိုကိုဗစ်ချ်အတွက်တော့ (၁၀)ကြိမ်မြောက်ဂရင်းစလင်းချန်ပီယံဆုရဖို့ လက်တစ်ကမ်းအနေအထားကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ဂျိုကိုဗစ်ချ်ဟာ ဒီ၂၀၁၅အတွင်းမှာပဲ ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်းမှာ ချန်ပီယံဖြစ်ပြီးတဲ့နောက် အခုယူအက်စ်အိုးပင်းမှာလည်း လက်စွမ်းမှန်မှန်နဲ့ ခရီးဆက်နေဆဲပါပဲ။ ဂျိုကိုဗစ်ချ်ဟာ ပြင်သစ်အိုးပင်းမှာလည်း ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ပေမယ့် ဝေါ်ရင်ကာကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့တဲ့အတွက် တစ်နှစ်အတွင်း ဂရင်းစလင်းချန်ပီယံဆုဖလားတွေရယူနိုင်မယ့်ကစားသမားဖြစ်ခွင့်အိပ်မက် စောစောစီးစီး အဆုံးသတ်သွားခဲ့တာဖြစ်ပါတယ်။



ဖက်ဒဲရာနဲ့ ဂျိုကိုဗစ်ချ်တို့ဟာ လက်ရှိကမ္ဘာ့အဆင့်ရပ်တည်မှုအနေအထားအရလည်း (၁)နဲ့(၂)နေရာမှာရှိနေကြတာဖြစ်တဲ့အတွက် တစ်ယောက်ကိုတစ်ယောက် ပွဲချိန်တိုတိုအတွင်း အနိုင်ရအောင်ကစားနိုင်ဖို့ဆိုတာ အင်မတန် ခက်ပါတယ်။

သူတို့နှစ်ဦးနောက်ဆုံးတွေ့ဆုံခဲ့တဲ့ စင်စင်နတီ မာစတာစီးရီးမှာတော့ ဖက်ဒဲရာက ဂျိုကိုဗစ်ချ်ကိုအနိုင်ကစားပြီး ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်နောက်ပိုင်းတွေ့ဆုံမှုမှတ်တမ်းတွေအရ ဂျိုကိုဗစ်ချ်က ဖက်ဒဲရာကို အမြဲလိုလိုအသာရအောင်ကစားနိုင်ခဲ့တဲ့အတွက် အခုဗိုလ်လုပွဲမှာ ဘယ်သူအောင်ပွဲခံမလဲဆိုတာ ပြောဖို့ခက်ပါတယ်။ ဖက်ဒဲရာကတော့ ဂျိုကိုဗစ်ချ်ဟာ ယူအက်စ်အိုးပင်းလို ကွင်းမာအမျိုးအစားတွေမှာ ပိုပြီးလက်စွမ်းပြတတ်ပြီး စိတ်ပိုင်းဆိုင်ရာမှာ အင်မတန်မာကျောတဲ့ကစားသမားဖြစ်တာကြောင့် သူ့ကိုအသာရဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်လို့ဆိုခဲ့လေတော့. . .

■

## စက်တင်ဘာ ၁၃/၁၄ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ်** | | |
| ဆန်းဒါးလန်း | - စပါး | ည-၇း၀၀ |
| လက်စတာ | - ဗီလာ | ည-၉း၃၀ |
| **စပိန်လာလီဂါ** | | |
| ဂရန်နာဒါ | - ဗီလာရီးယဲလ် | ညနေ-၄း၃၀ |
| ဘီလ်ဘာအို | - ဂီတာဖေး | ည-၈း၃၀ |
| ဆယ်တာဗီဂို | - လက်ပဲမတ်စ် | ည-၁၀း၃၀ |
| မာလာဂါ | - အီဘား | နံနက်-၁း၀၀ |
| **စီးရီးအေ** | | |
| ဗီရိုနာ | - တိုရီနို | ညနေ-၅း၀၀ |
| အမ်ပိုလီ | - နာပိုလီ | ည-၇း၃၀ |
| ပါလာမို | - ကာပီ | ည-၇း၃၀ |
| ဆမ်ဒိုးရီးယား | - ဘိုလော့နာ | ည-၇း၃၀ |
| ဆာစူအိုလို | - အတ္တလန်တာ | ည-၇း၃၀ |
| လာဇီယို | - အူဒီးနီးစ် | ည-၁၀း၃၀ |
| အင်တာမီလန် | - အေစီမီလန် | နံနက်-၁း၁၅ |

## စက်တင်ဘာ ၁၂ ရက်နေ့မှ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ်** | | | | |
| အဲဗာတန် | ၃ | - | ၁ | ချယ်ဆီး |
| နော့ဝှစ်ချ် | ၃ | - | ၁ | ဘုန်းမောက် |
| ခရစ္စတယ်ပဲလေ့စ် | ၀ | - | ၁ | မန်စီးတီး |
| ဝက်စ်ဘရွန်း | ၀ | - | ၀ | ဆောက်သမ်တန် |
| အာဆင်နယ် | ၂ | - | ၀ | စတုတ် |
| ဝတ်ဖို့ဒ် | ၁ | - | ၀ | ဆွမ်ဆီး |
| **စပိန်လာလီဂါ** | | | | |
| လီဗန်တေး | ၁ | - | ၁ | ဆီဗီးလ် |
| အက်စ်ပန်ညော | ၀ | - | ၆ | ရီးယဲလ်မက်ဒရစ် |

မောင်မောင်ဇော်

# မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့သည့် ဒီဂီယာ



မန်ယူဂိုးသမားဒီဂီယာမှာ မန်ယူအသင်းနှင့်လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်းသိရသည်။ဒီဂီယာသည် ရီးယဲလ်သို့ပြောင်းရွှေ့ရန် နွေစျေးကွက်တစ်လျှောက်လုံး ကြိုးပမ်းနေခဲ့သော်လည်း အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် ပျက်ပြယ်ခဲ့ရသည်။

မန်ယူနှင့် ဒီဂီယာအကြား ချုပ်ဆိုထားသော စာချုပ်ဟောင်းမှာ လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ မန်ယူမှစာချုပ်သစ်ချုပ်ဆိုရန်အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပယ်ချနေခဲ့သောကြောင့် ယခုအထိကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။ အဆိုပါစပိန်ဂိုးသမားကလည်း ရီးယဲလ်မှ ၎င်းအားလာမည့်ဆောင်းကာလတွင် ခေါ်ယူမည်မဟုတ်ဟု ပြောကြားခဲ့ပြီးနောက် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် နည်းလမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဗန်ဟားလ်ကမူ ဒီဂီယာ၏စာချုပ်သစ်ချုပ်ဆိုခြင်းကို ကြိုဆိုကြောင်း၊ ရီးယဲလ်သို့ ရောင်းချမည့်ကိစ္စအချိန်မီအပြီးမသတ်နိုင်ခြင်းမှာ ဒီဂီယာအတွက် ရီးယဲလ်ဘက်မှ ထိုက်တန်သောဈေးနှုန်းပေးရန်ပျက်ကွက်သောကြောင့် ဖြစ်ကြောင်း၊ ဘောလုံးလောကဆိုသည်မှာ မထင်မှတ်သည့်အရာများအမြဲတမ်းဖြစ်ပျက်နေသည့်အတွက် ဒီဂီယာမှာ ရီးယဲလ်သို့သေချာပေါက်ပြောင်းရွှေ့တော့မည်ဟု အများကမျှော်လင့်ခဲ့သော်လည်း မန်ယူ၌သာဆက်ရှိနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒီဂီယာကမူ သူ၏မန်ယူအနာဂတ်သေချာသွားပြီဖြစ်သောကြောင့် နွေအိပ်မက်ဆိုးကို ချန်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အိုးထရက်ဖို့ဒ်ကွင်းမှာ သူ့အတွက်အရေးပါဆုံးနေရာဖြစ်ပြီး ယခုထက်ပိုမိုတိုးတက်စေရန်ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

# မာရှယ်လ်ကိုခေါ်ယူခဲ့တာ အနာဂတ်မန်ယူနည်းပြသစ်အတွက်ပါ

မန်ယူနည်းပြ ဗန်ဟားလ်က အသက်(၁၉)နှစ်အရွယ်တိုက်စစ်မှူး မာရှယ်လ်ကိုခေါ်ယူခဲ့ခြင်းမှာ ၎င်း၏နောက်ဆက်ခံမည့်မန်ယူနည်းပြသစ်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မန်ယူမှာ မာရှယ်လ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၆သန်းပေးချေခဲ့ရသော်လည်း လစာနှင့်အခြားစုစုပေါင်းကုန်ကျစရိတ်များကြောင့် ပေါင် ၅၈ သန်းအထိကုန်ကျခဲ့ကြောင်း သိရသည်။

နည်းပြဗန်ဟားလ်နှင့် မန်ယူတို့အကြားချုပ်ဆိုခဲ့သော စာချုပ်မှာ လာမည့်၂၀၁၇တွင်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ဗန်ဟားလ်က သူ၏နောက်ဆက်ခံမည့်နည်းပြမှာ ရှိုင်ယန်ဂစ်ဖြစ်လာမည်ဟု ယုံကြည်နေသည်။ဗန်ဟားလ်က မာရှယ်လ်အတွက် ၎င်းအနေဖြင့်အကျိုးမဲ့ ငွေသုံးကြမ်းခဲ့ခြင်း မဟုတ်ကြောင်း၊ မန်ယူက ဝယ်မည်ဆိုသည်နှင့် ကစားသမားတစ်ဦးကို သက်ဆိုင်ရာ ကလပ်အသီးသီးက ပေါင်၁၀သန်းအထက်သာဈေးခေါ်လေ့ရှိကြောင်း၊ သို့သော် မန်ယူကပြန်လည်ရောင်းချမည့် ကစားသမားဆိုလျှင် လက်ရှိတန်ကြေးထက်လျော့နည်းစွာ ပေးချေလိုကြကြောင်းဆိုခဲ့သည်။

ရှိုင်းယန်ဟေဒင်



# စီရိုနယ်လ်ဒိုအား ခေါ်ယူချင်လျှင် ယူရိုတစ်ဘီလီယံပေးချေရမည်

လီဂူး-၁ချန်ပီယံ ပီအက်စ်ဂျီအနေဖြင့် စီရိုနယ်လ်ဒိုကဲ့သို့သော ကြယ်ပွင့်ကစားသမားကိုခေါ်ယူချင်လျှင် အနည်းဆုံးယူရိုတစ်ဘီလီယံအထိပေးချေမှသာဖြစ်နိုင်မည်ဖြစ်ကြောင်းရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်ကဆိုခဲ့သည်။ ပီအက်စ်ဂျီသည် စီရိုနယ်လ်ဒိုအား ခေါ်ယူရန်အချိန်ကာလအတော်ကြာကတည်းက ကြိုးပမ်းနေသောကြောင့် ပီရက်ဇ်က ယင်းသို့တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

ပီရက်ဇ်က" စီရိုနယ်လ်ဒိုကိုခေါ်ယူချင်တာလား။ ဒါကလွယ်ပါတယ်။ သူနဲ့ချုပ်ထားတဲ့စာချုပ်မှာကတည်းက သူ့ကို ခေါ်ယူချင်တဲ့ အသင်းအနေနဲ့ ယူရို တစ်ဘီလီယံ ပေးနိုင်ရင် ခေါ်လို့ရတယ်ဆိုတာထည့်ချုပ်ထားပြီးသားပါ။ ဒီလောက်များတဲ့ပြောင်းရွှေ့ကြေးကို ဘယ်အသင်းမှလည်းပေးချေနိုင်မှာ မဟုတ်ပါဘူး။ သူ့ကိုလည်း ၂၀၁၆မှာ ကျွန်တော်တို့အသင်းကရောင်းမှာမဟုတ်သလို စာချုပ်သက်တမ်းကလည်း သုံးနှစ်တောင်ကျန်ပါသေးတယ်" ဟုပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းမှာ ကာတာလေကြောင်းလိုင်းက ပိုင်ဆိုင်ပြီး ငွေကြေးအင်အားတောင့်တင်းသော အသင်းဖြစ်သောကြောင့် စီရိုနယ်လ်ဒို နှင့် မက်ဆီအပါအဝင် လိုချင်သည့်မည်သည့်ကစားသမားကိုမဆို ခေါ်ယူနိုင်သည့်အသင်းဖြစ်ကြောင်းလည်း မကြာသေးမီကပင် ပီအက်စ်ဂျီအသင်း တာဝန်ရှိသူများကဆိုခဲ့သေးသည်။

# မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*



**à ကိုရင်ဩ**

ညောင်ဦးကမ်းပါးပြို စမွါနဂိုရ်ကန္တားမပေါင်ကျိုးသည် ဟူဘိသို့ပင် အရှေ့အလယ်ပိုင်းဒေသ၏ ကျဉ်းမြောင်းသော မြေထဲပင်လယ်ကမ်းရိုးတန်းလွင်ပြင်ဒေသတည်ရာ ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားမှု၏ အကျိုးဆက်အရ ဝေးတစ်မြေစီခြားသော သိုးဆောင်းသားတို့၏ ဥရောပတိုက်၌ ဒုက္ခသည်ပြဿနာ အကျပ်ဆိုက်ရပုံကို နိုင်ငံတကာမီဒီယာများက ပွစိပွစိပြောဆိုလျက်ရှိကြကုန်၏။

ယခုတလော ဖျိုးဖျိုးဖျတ်ဖျတ် ပေါ်ထွက်လာသော ကမ္ဘာ့သတင်းများကား ကျွန်ုပ်အတွက် စိတ်မသက်မသာ ဖြစ်စရာပါပေ။ ဖြစ်ပြန်ပျက်ပြန် လောကခံပါတကားဟူ၍ စောင်းပါးရိပ်ခြည် ကျွန်ုပ်ဆိုမြည်မိ၏။

ဥရောပဒုက္ခသည်ပြဿနာမှာ ဇာက်မကိုင်သောမြင်း၊ ကန်သင်းမရှိသော လယ်ပမာ ထိန်းချုပ်ရခက်လှပြီး ဥရောပအစိုးရအဖွဲ့များမှာ ဟောဟဲလိုက်ကာ အမောဆိုက်ကြရလေသည်။

### ငြိုဟ်စီးငြိုဟ်နင်း အညွှံပိုင်းလော

ယခုတလော ဥရောပနိုင်ငံများ ငြိုဟ်စီးငြိုဟ်နင်း အညွှံပိုင်းသို့ ရောက်နေပြီလောဟူ၍ တွေးဆစရာပင်ဖြစ်သည်။ အကြောင်းမူကား မဖိတ်ခေါ်ဘဲ ဝင်ရောက်လာသော ဒုက္ခသည်များက အတိုင်းထက်အလွန် များပြားနေခြင်းကြောင့်တည်း။

ဥရောပနိုင်ငံများသို့ ဝင်ရောက်လာသူများကား သိုးဆောင်းသားတို့အတွက် အတွင်းသိလည်းမဟုတ်၊ အစဉ်းသိလည်းမဟုတ်။ မြေပုံပေါ် လည်ပြန်ကြည့်လျှင် ဝင်ရောက်လာသူအများစုမှာ အရှေ့အလယ်ပိုင်းဒေသမှ စစ်ပြေးဒုက္ခသည်များ။ ပြည်တွင်းစစ်မီး လေနီကြမ်း အငွေ့ကြမ်းသောကြောင့် ပြေးမိပြေးရာ ခိုလှုံရာကို ဖွေရှာနေကြသူများဖြစ်သည်ဟု ဆိုနိုင်ပါ၏။

ဒုတိယကမ္ဘာစစ်လွန်ကာလ ဥရောပတိုက်သို့ စံချိန်တင်အရေအတွက်ရှိ ဒုက္ခသည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာနေမှုကို တွေ့မြင်နေကြရသည်။ တပြုံကြပြုံက် ဝင်ရောက်လာသော ဒုက္ခသည်များမှာ ကယ်ပါယူပါ တစာစာရှိနေကြလေရာ ဒုက္ခသည်များဖြတ်သန်းရာ လမ်းကြောင်းပေါ်ရှိနေသော လေးပြင်လေးရပ် ဥရောပနိုင်ငံများမှာ တစ်ပူပေါ်တစ်ပူဆင့် ခံစားချက်များနှင့်အတူ နက်ဖြန်သန်ဘက် နေ့ရက်တွေမကုန်နိုင်အောင် ယူကျုံးမရ အပူလုံးကြွကြရလေသည်။

ဆီးရီးယားပြည်တွင်းစစ်မီးကြောင့် ထကားရား ထိုင်ကားရား ဖြစ်ကြရသူများမှာ မြေဇာပင်အရပ်သားများဖြစ်ကြပြီးလျှင် ရွှေစင်လည်းပျက်၊ ကြေးလည်းထွက်ကာ ရေကြည်ရာမြက်နုရာ ရှာကြဖွေကြရင်း မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ ဦးတည်ခဲ့ကြလေသည်။

### ဝင်လာမစဲ တသဲသဲ

ဥရောပနိုင်ငံများ၏ နယ်စပ်ဒေသများသို့ ရောက်ရှိလာသော တရားမဝင် အခြေစိုက်သူများမှာ နေ့စဉ်နှင့်အမျှ တိုး၍တိုး၍သာ နေလေ၏။ ရေကြောင်းမှရောက်လာသူကတစ်မျိုး၊ ကြည်းကြောင်းမှရောက်လာသူကတစ်သွယ် ဗဟုဝုစ်ကိန်းကြွယ်လှပေသည်။

သွားလမ်းလာလမ်း ကြမ်းတမ်းခက်ခဲလှပြီး ပိတ်ဆို့ကာဆီးထားသော နယ်စပ်စည်းရိုးများကို ခွေးတိုးဝက်ဝင် ဖြတ်ကျော်ကြရသည်။ ကြံ့ရသမျှဒုက္ခအဝဝကို ခါးစည်းခံမည်ဟု သန္နိဋ္ဌာန်ပြုကြလျက် လူမှောင်ခိုတို့၏ လမ်းပြခေါ်ဆောင်ရာနောက်သို့ ရင်သွေးငယ်ကို ခါးစောင်းတင်၍ လိုက်ပါလာသူသားသည်အမေများက ယောကျ်ားရင့်မာကြီးများနှင့်အပြိုင် တစ်ဖက်စောင်းနင်းဖြစ်နေသည့် မော်တော်ဘုတ်ပေါ် ငုတ်တုတ်ထိုင်ကာ အသက်ကို ဖက်နှင့်ထုပ်၍ ထွက်ပြေးသည်လည်းရှိသည်။ လမ်းခုလတ်၌ ကံမကောင်းအကြောင်းမလှသဖြင့် လှိုင်းကြီးလေထန် ပင်လယ်ပြင်အတွင်း သေပွဲဝင်ကြရသည့် ကြမ္မာဆိုးများလည်း ရှိသည်။

မကြာမီက ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၏ ရထားဘူတာရုံ၌ တရားမဝင် ရွှေ့ပြောင်း အခြေစိုက်သူများဖြင့် ပျားပန်းခတ်မျှ စည်ကားနေခဲ့သည်။

တစ်ပြုံတစ်မ ရောက်ရှိလာကြသော ဒုက္ခသည်အများစုမှာ ဆီးရီးယားမှဖြစ်ကြပြီး အာဖဂန်နစ္စတန်နှင့် အာဖရိကနိုင်ငံများမှ လာသူများကိုလည်း တွေ့ရသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်နေဆဲ စစ်ရေးပဋိပက္ခဖြစ်စဉ်များကြောင့် ဥရောပအနောက်ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံများသို့ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ ဥဒဟိုဝင်လာကြခြင်းသည် ဥရောပတိုက်၏ လူ့အခွင့်အရေးစံနှုန်းများကို စမ်းသပ်ဘိသကဲ့သို့ ဖြစ်ရလေသည်။

ဟန်ဂေရီနယ်စပ်မှတစ်ဆင့် သြစတြီးယားနှင့် ဂျာမနီနိုင်ငံများသို့ ရထားဖြင့်ရောက်ရှိလာသော ဒုက္ခသည်အများစုမှာ ဆီးရီးယားနိုင်ငံသားအများစုဖြစ်ကြပြီး အိမ်နီးချင်းတူရကီမှတစ်ဆင့် မြေထဲပင်လယ်ကိုဖြတ်ကျော်ကာ ဥရောပတိုက်သို့ ဝင်ပြေးလာကြသူများ ဖြစ်လေသည်။

### ဆုပ်လည်းစူး စားလည်းရှူး

ဒုက္ခသည်အရေးမှာ ဥရောပနိုင်ငံများအတွက် ဆုပ်လည်းစူး စားလည်းရှူး အခြေအနေဖြစ်သည်။ အမျိုးသားလုံခြုံရေးနှင့် လူ့အခွင့်အရေးတို့အကြား လွန်ဆွဲမှုတစ်ရပ်ဖြစ်သည်ဟု ကျွန်ုပ် အကဲခတ်ရှုမြင်မိပါ၏။

လူမျိုးရေးနှင့် ဘာသာရေးတို့အရ အသွင်မတူလျှင် ရန်သူဖြစ်တတ်သည့် သဘောသဘာဝမှာ လူမျိုးကြီးဝါဒီတို့အတွက် ရှောင်နိုင်ခဲလှပေသည်။

လူသားချင်း စာနာထောက်ထားမှုရှုထောင့်အရ ဒုက္ခသည်များအပေါ် စာနာထောက်ထားမှု ပြသရမည်ဖြစ်သော်လည်း တစ်ဖက်က နိုင်ငံတော်လုံခြုံရေးရှုထောင့်အရ 'ဇရပ်ပေါ်ကလူနာ ဆေးဆရာမကုချင်' ဆိုသည့်ထုံးကိုလည်း နှလုံးမူကြရလေသည်။

### အကြင်နာလက်များ

မကြာသေးမီက ဂရိနှင့် အီတလီနိုင်ငံတို့အတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းရာမှ ဒုက္ခသည် ၂၅၀၀ ခန့် မြေထဲပင်လယ် အတွင်း အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ် ပေါ်ပေါက်ခဲ့လေသည်။

ထိုစဉ်အတွင်း ဟန်ဂေရီနိုင်ငံ၌ အအေးခန်းပါ ထရပ်ကားကြီးအတွင်း တရားမဝင် ရွှေ့ပြောင်းသူများ အတုံးအရုံးဖြင့် သေဆုံးနေသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ရာ ဥရောပခေါင်းဆောင်များ မျက်ကလူးဆန်ပျာ ဖြစ်ခဲ့ကြရပြီး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ဆန္ဒပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြလေသည်။

ဒုက္ခသည်များအရေးနှင့်ပတ်သက်၍ သြစတြီးယားနိုင်ငံမြို့တော် ဗီယင်နာ၌ လူ ၂၀၀၀၀ ခန့် ဆန္ဒပြခဲ့ကြပြီး တရားမဝင် ဝင်ရောက်လာသူများကို လူသားချင်းစာနာစိတ်ဖြင့် မျှမျှတတဆက်ဆံရန် တောင်းဆိုခဲ့ကြလေသည်။

ကနဦးတွင် ဟန်ဂေရီနိုင်ငံက ဒုက္ခသည်များကို လက်ခံမည့်သဘောပြသခဲ့ရာ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူများ အုံနှင့်ကျင်းနှင့် တရကြမ်း ဝင်ရောက်လာခဲ့ကြရာ ဥရောပနယ်စပ်များ၌ အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်တော့သည်။

### မီးစင်ကြည့်က

လတ်တလောဖြစ်ပေါ်လာသည့် နိုင်ငံရေးဖိအားများအရ ဥရောပခေါင်းဆောင်များမှာ ဒုက္ခသည်ပြဿနာနှင့်ပတ်သက်၍ မီးစင်ကြည့်ကနေကြရသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မှ သြစတြီးယားနိုင်ငံ ဗီယင်နာသို့ သွားရာလမ်းတွင် လူမှောင်ခိုမော်တော်ယာဉ်အတွင်း အသက်ရှူမွန်းကြပ်ကာ လူပေါင်း ၂၁ ဦးအထိ သေဆုံးကြရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ရာ ဒုက္ခသည်များအား မချစ်သော်လည်း အောင့်ကာနမ်းရမည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့က ဟန်ဂေရီ ရဟူဒီ (ဂျူး) လူမျိုး ၄၄၀၀၀၀ ခန့်အား ကျွဲနွားများပမာ စစ်စခန်းများသို့ အဓမ္မပို့ဆောင်ခဲ့သည့်ဖြစ်ရပ်ကို ပုံနှိုင်းကာ အကြင်နာလက်များလှမ်းရန် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက ဟစ်ကြွေးခဲ့ကြလေသည်။

### ဇာတိပုည ဂုဏ်မာန

ဥရောပနိုင်ငံများ၌ ဒုက္ခသည်များအားလက်ခံရေး၊ မောင်းထုတ်ရေးနှင့်ပတ်သက်၍ အသံဗလံများ ဆူညံစွာပေါ်ထွက်ခဲ့လေသည်။

စုဖန်များလျှင် ခြတောင်ပို့ဖြစ်ရသည် ဆိုသောထုံးကို နှလုံးမူကာ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများကို လက်ခံလိုခြင်းမရှိသည့် အစိုးရအဖွဲ့များကိုလည်း တွေ့မြင်ရလေသည်။

လက်ယာစွန်းရောက် နိုင်ငံရေးသမားများက တရားမဝင်ရွှေ့ပြောင်း အခြေစိုက်နေထိုင်လိုသူများအား ဒုက္ခသည်အဆင့်အတန်းကို အလွယ်တကူသတ်မှတ်ခြင်း မပြုလိုပေ။

မိမိတို့၏ ဇာတိပုည ဂုဏ်မာနအရ လူမျိုးခွဲခြား ဆက်ဆံမှုပြုတတ်သည်မှာလည်း လူ့သဘာဝတစ်ရပ်ပင်။

ဒုတိယကမ္ဘာစစ်တွင် နာဇီတို့ စစ်ရှုံးခဲ့သော်လည်း တိုင်းပြည်တိုးတက်ကြီးပွားအောင် စွမ်းဆောင်နိုင်ခဲ့ရုံမျှသာမက ဥရောပ၏ စံပြလူ့ဘောင်ကို ထူထောင်နေသော ဂျာမနီနိုင်ငံ၌ ရွှေ့ပြောင်းအခြေစိုက်လာသူများကို နွေးထွေးစွာကြိုဆိုခြင်းသည် နိုင်ငံတော်၏ ထူးခြားသော တာဝန်ယူမှုတစ်ရပ်ဖြစ်သည်ဟု ယုံကြည်သူများရှိသော်လည်း တရားမဝင်ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများအား ညောင်အရိပ်မှာခိုနား ညောင်ကိုင်းကိုချိုးမည့်သူများအဖြစ် မယုံသင်္ကာရှိနေသူများလည်း ဒုနှင့်ဒေး ရှိနေလေသည်။

ဥရောပသည် ကမ္ဘာပေါ်တွင် ကြွယ်ဝချမ်းသာသူ အများဆုံးနေထိုင်သော ကုန်းမြေတိုက်ကြီးဖြစ်လင့်ကစား ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ပိုမိုနွမ်းပါးသော အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဒုက္ခသည်ကူညီရေးရန်ပုံငွေသုံးစွဲမှု ပိုမိုလျော့နည်းလေသည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၄ ခုနှစ်အတွင်း ခိုလှုံခွင့်တောင်းခံသူ ၆၂၆၀၀၀ ၏ လျှောက်လွှာများကို လက်ခံရရှိခဲ့သည်။

လစဉ် ရွှေ့ပြောင်းအခြေစိုက်မည့် လူထောင်ပေါင်းများစွာမှာ မြေထဲပင်လယ်ကို သက်စွန့်ဆံဖျားဖြတ်၍ ဥရောပသို့ ဝင်ရောက်နေကြဆဲဖြစ်သည်။ ရွှေ့ပြောင်းသူများမှာ ဒုက္ခသည်အစစ်အမှန်များပါသလို စီးပွားရေးအရ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့လိုသူများလည်း ပါဝင်သည်။

ဥရောပနိုင်ငံများသည် နယ်စပ်ဒေသလုံခြုံရေးအတွက် ဆောင်ရွက်နေသည့်ကြားမှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ၏ ထိုးဖောက်ဝင်ရောက်မှုကို တွေ့ကြုံနေကြရလေသည်။

တစ်ဖက်တွင် လူ့အခွင့်အရေးစံနှုန်း၊ အခြားတစ်ဖက်တွင် တင်းကျပ်လှသည့် လူဝင်မှုကြီးကြပ်ရေးစည်းမျဉ်းများကို ကျင့်သုံးနေသည့် ဥရောပနိုင်ငံများသည် မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ အခြေအနေတွင် ရပ်တည်နေကြသော တရားမဝင် ရွှေ့ပြောင်းသူများအား လက်ခံရေးတွင် ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းထပ်အနေအထားနှင့် တွေ့ကြုံနေကြရပြီဟု ကျွန်ုပ် ရှုမြင်မိလေသည်။ ။



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ဒါဖြင့် မမြလေးရဲ့ ပတ်ပျိုးတစ်ခုခု တီးကြရအောင်၊ မမနွယ်က မမြလေးရဲ့ သီးချင်းတွေကို အကြိုက်ဆုံးပဲ"

"ရှိစုံရွှက် ကြာတော့ မတီးပါနဲ့ မမနွယ်၊ အဲဒီသီချင်း တီးရရင်. . . မောင် ငိုချင်တယ်"

"ဒါဖြင့် . . . မြယဉ်ရေညို တီးကြမယ်၊ မောင် ရတယ် မဟုတ်လား"

သက်ခိုင်က ခေါင်းကုတ်ရင်း ခေါင်းညိတ်၏။ အနောက်နန်းမတော် မမြလေး၏ သီချင်းဆိုလျှင် အလွမ်းမှ ပြေးမလွတ်။

ပတ်ပျိုးခံကို တီးကြပြီးနောက် ပတ်ပျိုးကိုယ်ကို မလေးနွယ်က ဆိုတီးတီးသည်။

"မြယဉ်ရေညို . . . ကိုယ်တော်ပျော်ခန်း. . . သန်းကာ ဝေလည်း ရွှေပြည်ဘယ်မှန်း၊ ကံကံငယ်သာအို၊ ဆိုင်ိုမှား၊ ထွေထွေသား၊ ပါလေမှန်း. . ."

မလေးနွယ်၏ အသံသည် ကြည်လင်ချိုသာသည်။ သီချင်းဆိုတတ်သော မိန်းမလေးတိုင်းသည် သူ့အတာနှင့် သူ့အထာ အသံကြည်လင်ချိုသာရကား အသံကြည်လင်ချိုသာမှုသည် ထူးဆန်းအံ့ဩဖွယ် မရှိလှ။ သို့ရာတွင် မလေးနွယ်က အသံနှင့် ခံစားမှုကို ဖော်ပြနိုင်၏။

မြယဉ်ရေညို . . . အပိုဒ်ကို ဆိုသောအခါ အသံက အေးချမ်းဝေစည်၍ ကြည်ကြည်လွင်လွင်ရှိ၊ ကံကံငယ်သာအို ငိုမှာ အပိုဒ်ကျသောအခါ ငိုသံ မပေါ့တပါနှင့် ရှိုက်ရှိုက်ဖိုဖို ရှိသည်။

ပီယာနိုကိုလည်း အကွက်ပြည့်မတီး၊ အဆိုကို ထောက်ကူအောင်အသွားအတိုင်း ခပ်ကျဲကျဲနှင့် စည်းဝါး မလွတ်ရုံတီးသည်။ ရင်မှ ခံစားမှုအတိုင်း ပီယာနိုသံကို အပျော့အမာ၊ ဖော့၊ အပြင်း၊ အနုအကြမ်း မြည်အောင်လက်ချောင်းလေးများက ခလုတ်များကို ထိန်းသိမ်းချုပ်ကိုင် တီးနိုင်လေ၏။

သက်ခိုင်သည်လည်း ဂီတနှင့် စာသားတို့၏ ဆွဲဆောင်ရာသို့ တယောသံနှင့်အတူ မျောလိုက်ပါမိနေ၏။

သီချင်း၏ အဆုံးသဖြန် ရောက်ခါမှ မလေးနွယ်သည် ဤသီချင်းကို ဘာကြောင့်ရွေးကြောင်း သက်ခိုင် ရိပ်မိသွားသည်။

မလေးနွယ်သည် ပြုံးညိုညိုမျက်နှာထားနှင့် မျက်တောင်ကော့များကို ပင့်လှန်ကာ သူ့ကိုကြည့်ရင်း သဖြန်ကို ဆို၏။

"အိမ်ရိပ်ကယ်ခို၊ မာန်ပိုနှင့်ဦး၊ . . .။ သည်းဘဝင်ကဖို၊ ဘယ်ညိုတောသည့် ပူအောင် သားငယ်ကို၊ ထားတက်ပေ့ဘုန်း . . ."

ထိုည၌ သက်ခိုင်သည် အခန်းသို့ ပြန်ရောက် လာသောအခါ၌ အခန်းတွင်းဝယ် ယုမောင်မရှိ။

သက်ခိုင်သည် စာမကျက်တော့ဘဲ အတန်ကြာစွာ မျက်လုံးများက ကြောင်နေသေး၏။

"အိမ်ရိပ်ကယ်ခို. . . မာန်ပိုနှင့်ဦး. . ."

မာန်ပိုနှင့်ဦး. . . မာန်ပိုနှင့်ဦး. .

ဤစာသား စကားရပ်က သက်ခိုက်၏ နားတွင် ပဲ့-တင်ထပ်နေ၏။

"မာန်မပိုပါဘူး မမနွယ်ရယ်၊ မောင်ဟာ မာန်မပိုနိုင်တဲ့ သူတစ်ယောက်သာပါ၊ ရှေးက ဖြစ်ဖူးသမျှတွေကို သိပြီးတဲ့ မမနွယ်ဟာ မောင့်ကို မာန်ပိုတယ်လို့ အပြစ်တင်မစောသင့်ပါဘူး"

တလူးလူး တလိမ့်လိမ့် ရှိနေပြီးနောက် အလွန်ညဉ့်နက်ပါမှ သက်ခိုင်အိပ်ပျော်သွားသည်။

"အိပ်မောကျသွားသူသည် အိပ်ချိန်ကို အမှန်ထက်တိုသည်ဟု ထင်မြင်တတ်သည်။ သက်ခိုင်၏ အထင်၌ အိပ်ပျော်ပြီး၍ ဘာမျှ မကြာထင်သည်။ တံခါးဖွင့်သံနှင့်ရေးကြီးသုတ်ပျာ ဝင်လာသော ခြေသံများကြောင့် လန့်နိုးလာ၏။

"ဘယ်သူတွေလဲကွ"

သက်ခိုင်က အိပ်ရာမှ လူးလဲထရင်း မေးသည်။

"ငါပါကွ သူငယ်ချင်း. . . ယုမောင်ပါ၊ သက်ခိုင်. . တိတ်တိတ်နေကွာ၊ တို့ဟော(လ်)ကို ပုလိပ်တွေ ဝိုင်းထားတယ်"

အိပ်မှုန်စုံမွှားဖြစ်ရာမှ သက်ခိုင်၏ မျက်လုံးများက ကျယ်သွားသည်။

အခန်းတွင်း၌ ယုမောင်နှင့်အတူ လူနှစ်ယောက် ရောက်နေ၏။

တစ်ဦးကား ထွန်းငွေဖြစ်သည်။ တစ်ဦးကား မိုးမြင့်ဖြစ်၏။

ပြည်ကျောင်းဆောင်၏ အခန်းတိုင်း၏ အထက်မျက်နှာကြက်၌ လေဝင်အောင် သံဆန်ခါတပ် အပေါက်များရှိ၏။ သက်ခိုင်တို့၏ အခန်းအထက်မှ သံဆန်ခါသည် ပေါက်ပြဲနေ၏။ ဤအပေါက်မှ တက်သွားသော်. . . ခေါင်မိုးအောက် မျက်နှာကြက်ပေါ် ရောက်သွားနိုင်၏။ မျက်နှာကြက်ပေါ် ရောက်လျှင်ပြည်ကျောင်းဆောင်၏ တစ်ဖက်ထိပ်မှ တစ်ဖက်ထိပ်သို့ လေးဖက်ထောက်သွားနိုင်၏။ တစ်စုံတစ်ယောက်သည် မျက်နှာကြက်ပေါ် ရောက်သွားပြီး တစ်နေ့လုံး ခိုအောင်းနေစေကာမူ ဓာတ်မသိလျှင် ရှာဖွေမတွေ့နိုင်။

မိုးမြင့်သည် သံဆန်ခါပေါက်မှ လျှိုဝင်၍ မျက်နှာကြက်ပေါ်ရောက်သွားသည်။ ထွန်းငွေနှင့်ယုမောင်က စာကူးလက်လှည့်စက်ဖြင့် ရိုက်ထားသော စာရွက်ထုပ်ကြီး တစ်ထုပ်ကို လှမ်းပေးသည်။ သံဆန်ခါပေါက်မှ မိုးမြင့်က လှမ်းယူ၏။

မကြာမီပင် စက္ကူထုပ်များလည်း ပျောက်သွားသည်။ မျက်နှာကြက်ကြမ်းပြင်သည် မသိမသာ သိမ့်သိမ့် လှုပ်နေရာမှ ငြိမ်သွား၏။

ထွန်းငွေသည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွား၏။

ယုမောင်က အခန်းတံခါးကို ချက်ချလိုက်ပြီး သက်ခိုင်ကို တောင်းပန်၏။

"သက်ခိုင်. . ပြန်အိပ်နေစိမ်းပါကွာ၊ ကြန္ဒြေရရ ပြန်အိပ်နေစမ်းပါ၊ ရှိကြီးခိုးပါရဲ့"

သက်ခိုင်သည် ခြင်ထောင်အတွင်း ပြန်ဝင်ကာ အိပ်နေလိုက်၏။

ယုမောင်က သူ့ခုတင်မှ ခြင်ထောင်ကို အမြန်ချကာ အိပ်ချင်ယောင်ဆောင်နေတော့၏။

မကြာမီ ဖိနပ်သံများ ပေါ်လာသည်။ ခွာမာတပ်ထားသော သားရေဖိနပ်သံများ ဖြစ်ကြ၏။

ဖိနပ်သံများသည် နေရာအနှံ့အပြားမှ ပေါ်ထွက်နေ၏။ တံခါးဖွင့်သံများကိုလည်း ကြားရ၏။

သက်ခိုင်တို့၏ တံခါးကို အပြင်မှ ခေါက်သံ ကြားရ၏။ သက်ခိုင်က ငြိမ်အိပ်နေသည်။

တံခါးကို တဂျုံးဂျုံး ဆွဲလှုပ်သံ ပေါ်လာ၏။

တစ်ဖက်ခုတင်မှ ယုမောင်သည် လူးလဲထလိုက်ပြီး အော်ဆဲ၏။

"ဘယ်ကောင်တွေလဲကွာ. . . စောစောစီးစီး လာနှောင့်ယှက်တာ၊မင့်နှမ လင်နောက်လိုက်ပြေးလို့လား"

အပြင်ဘက်မှ အဖြေပေါ်မလာ။ တံခါးကို ဆွဲလှုပ်သံလည်းပျောက်သွားသည်။ ခပ်မှန်မှန် ခေါက်သံကပေါ် လာနေ၏။

ယုမောင်သည် အိပ်ချင်မူးတူးဟန်နှင့် တံခါးထဖွင့်ပေးသည်။ သက်ခိုင် ကလည်း ထထိုင်လိုက်၏။

ရဲအုပ်တစ်ယောက်နှင့်ရဲသားနှစ်ဦးသည် အခန်းတွင်းသို့ ဝင်လာ၏။

သူတို့နှင့်အတူ အဆောင်နည်းပြဆရာကို သေချာစွာ ကြည့်ပြီးမေးသည်။

"ဒီကျောင်းသားနှစ်ယောက်ဟာ ဒီအခန်းကပဲလား ဆရာ"

"ဟုတ်တယ်၊ ဟိုတစ်ယောက်က သက်ခိုင်၊ ဒီတစ်ယောက်က ယုမောင်"

ရဲအုပ်နှင့် ရဲသားတို့သည် အခန်းတွင်း၌ ဟိုကြည့်သည်ကြည့်လုပ်ပြီးကျေနပ်ဟန်နှင့်ထွက်ခွာသွားကြ၏။

သက်ခိုင်က ယုမောင်ကို စူးစိုက်ကြည့်၏။ ယုမောင်က မျက်လွှာချထားသည်။

သက်ခိုင်သည် ဘာမျှမပြောဘဲ သွားပွတ်တံကို ယူကာ သွားတိုက်ဆေးထည့်၏။

အပြင်ဘက်၌မူ မိုးစင်စင်လင်းနေပြီ။

သက်ခိုင်သည် မျက်နှာသုတ်ပဝါကို လည်ပင်း၌ ပတ်ကာ သွားတိုက်ရင်း အပြင်သို့ ထွက်ခဲ့၏။

ဝရန်တာမှ လှမ်းကြည့်လိုက်သောအခါ ရန်ကုန် ရဲအဖွဲ့နှင့်ရန်ကုန်လက်နက်ကိုင် ရဲအဖွဲ့သားများက ကျောင်းဆောင်ကို ဝိုင်းထားကြောင်း တွေ့ရ၏။

အရေးထဲတွင် မောင်ရှိန်က ဘယ်က ပေါ်လာသည် မသိ။

သူသည် သွားတိုက်ရင်း ဖြစ်သဖြင့် အမြှုပ်ဖြူဖြူစီသော ပါးစပ်နှင့်အော်၏။

"တပ်တောင်တာ ဗိုလ်ထုနဲ့ လူစုလို့လည်း ဝိုင်းမိပါရောလား မိမိရဲ့၊ တောင်တော. . . လျှိုမြောင် ဟိုချောင်အရောက် . . . ကြောက်ကြောက်နဲ့ပဲပြေးကြစို့ရဲ့၊ မနက်ကလည်းမိုးလင်း၊ ဟိုသင်းကလည်း တင်းသမို့ . . ဟိုချောင်အရောက်မှာ ရှုရှုလေးပေါက်ကြရအောင် မိမိရယ်. . . တိမ့်ဘူနဲလဗျောင်. . ."

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း**

မန်းဆီးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်ာစီး၊
ဒလဘက်ကမ်းရောက်လျှင် ၃မိနစ်ဆို ငါကယ်စီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်း
ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့
သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊
မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်





**တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်၊ အမှတ်(၂၄/၂၅)၊ အကွက်အမှတ်(၉၈)၊ မြန်မာရွှေထိုက်လုံကုမ္ပဏီလီမိတက်၊ ပြည့်လျှံပိုင်အုပ်စု ကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်မြင့်နှင့် အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ Mr. Tang Rong Xian,PP No.(G.60724062) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်၊ အမှတ်(၂၄/၂၅)၊ အကွက်အမှတ်(၉၈)ရှိ သစ်စက်၊ သစ်ခွဲသားအရောင်းဆိုင်နှင့် ပရိဘောဂအရောင်းဆိုင်သည် လုပ်ငန်းမစတင်မီက ဒေါ်ခင်ခင်မြင့် (Li Li Juan) နှင့် Mr. Tang Rong Xian တို့ကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်က ဒေါ်ခင်ခင်မြင့်အား တရုတ်ပြည်သုံးယွမ်ငွေ ၁၁၄၃၈၀၀၀(မြန်မာကျပ်ငွေ ၁၆၆၀၇၆၁၀၂၁/-)ပေးအပ်ကာ လုပ်ငန်းများစတင်ဆောင်ရွက်စေခဲ့သော်လည်း ဒေါ်ခင်ခင်မြင့်(မြန်မာရွှေထိုက်လုံကုမ္ပဏီ)တစ်ဦးတည်းအဖြစ်ဖြင့်သာ ဆောင်ရွက်ခဲ့သဖြင့် ကျွန်ုပ်အမှုသည်မှာ လုပ်ငန်းအမည်စတင်ဆုံးရှုံးခဲ့ရပါသည်။ ယင်းဖြစ်ရပ်အပေါ် ဒေါ်ခင်ခင်မြင့်က Mr. Tang Rong Xian အမည် တရားဝင်ပါဝင်စေရန် ဆောင်ရွက်မပေးနိုင်ကြောင်း၊ လုပ်ငန်းအတွက် ပေးအပ်ထားသော ငွေများကိုလည်း အပြည့်အဝ ပြန်လည်မပေးနိုင်ကြောင်း၊ ပေးအပ်ထားသောငွေများ၏ (၂၀%)ကို အဆုံးအရှုံးခံနိုင်မှသာ ငွေများ ပြန်လည်ပေးအပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် ကျွန်ုပ်အမှုသည်မှာ (၂၀%) အဆုံးရှုံးခံကာ ငွေများပြန်လည်ပေးအပ်ရန် မလွှဲသာမရှောင်သာ သဘောတူညီခဲ့ပါသည်။

ထိုသို့ သဘောတူညီချက်အရ ဒေါ်ခင်ခင်မြင့် အပါအဝင် မန်နေဂျာ၊ ဘဏ္ဍာရေးမှူးတို့ လက်မှတ်ရေးထိုးထားသော ပြည့်လျှံပိုင်အုပ်စုကုမ္ပဏီလီမိတက် ရှင်းတမ်းအရလည်းကောင်း၊ တရုတ်စာဖြင့်ရေးသားထားပြီး ဒေါ်ခင်ခင်မြင့် (Li Li Juan)နှင့် Mr.Tang Rong Xian တို့ လက်မှတ်ရေးထိုးသော စာချုပ်အရလည်းကောင်း ပေးအပ်ထားသောငွေမှ ၂၀%အရှုံးခံထားသော ကျန်ငွေ တရုတ်ယွမ်(၈၈၀၀၀၀၀)၊ ထိုကာလပေါက်ဈေး မြန်မာငွေ(၁၃၂၈၆၀၈၈၁၇/-)ကို ၂၀၁၄ခုနှစ်၊ ဇွန်လ ၃၀ရက်မတိုင်မီ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သဘောတူထားသော်လည်း အကြောင်းအမျိုးမျိုးပြ၍ တွေ့ဆုံခွင့်မရသည့်အပြင် ပြန်လည်ပေးအပ်ခြင်း မရှိခဲ့ပါ။

ထို့ပြင် မြန်မာရွှေထိုက်လုံကုမ္ပဏီလီမိတက်၊ လုပ်ငန်းရှင်ဒေါ်ခင်ခင်မြင့် အမည်ဖြင့် ဆောင်ရွက်နေသော သစ်စက်၊ သစ်ခွဲသားအရောင်းဆိုင်၊ ပရိဘောဂအရောင်းဆိုင်သည် Mr.Tang Rong Xian ၏ငွေကြေးများပါဝင် ရင်းနှီးမြှုပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်း၊ စာချုပ်စာတမ်း၊ ရှင်းတမ်းများအရ ထင်ရှားနေပါသဖြင့် စာချုပ်စာတမ်းများ၊ ရှင်းတမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်စန်းစန်းအောင် | ဦးသိန်းဝင်း(မြန်အောင်) |
| LL.B,WIPO,D.L.P(Switzerland) | LL.B,D.B.L,D.M.L,D.I.L(ADVOCATE) |
| အထက်တန်းရှေ့နေ(စဉ်-၂၈၁၆၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၆) |

အမှတ်-၆၂၊ (ပထမထပ်)၊ အခန်း(၂၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## စည်းကမ်းမဲ့ဘေးမဲ့နွားများကြောင့် ပဲခူးမြို့တွင်း ယာဉ်အန္တရာယ်ရှိ



**ပဲခူး စက်တင်ဘာ ၁၂**

ပဲခူးမြို့တွင်း မဇင်း(၁) လမ်းမှ အဝေးပြေးယာဉ်ဝင်းဟောင်းထိ ပဲခူး-ရန်ကုန် ကားလမ်းမကြီးပေါ်တွင် နေ့စဉ် စည်းကမ်းမဲ့ဘေးမဲ့နွားများ ကားလမ်းမ၏ အလယ်တွင် အိပ်နေခြင်း၊ အုပ်စုဖြင့် သွားလာနေခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့ ရှုပ်ထွေးမှု ဖြစ်ပေါ်လျက်ရှိနေသဖြင့် သက်ဆိုင်ရာတို့မှ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ကြိုတင်၍ စနစ်တကျ ဖယ်ရှားသင့်ပေသည်။ **ရွှေဘုန်းအောင်(ပဲခူး)**



သာပေါင်းမြို့နယ် ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် လွယ်ဂျယ်ဆရာတော် ဘဒ္ဒန္တဦးဝါရိန္ဒဦးဆောင်သော ရေဘေးကူညီမှုအဖွဲ့မှ လွယ်ဂျယ်ဒေသခံအလှူရှင်များနှင့် ဗန်းမော်ခရိုင် ကသာမြို့နယ်မှ အလှူရှင်များလှူဒါန်းသော အဝတ်အထည် ၁၈၈ ထုပ်အား ဇီးဖြူကွင်းကျေးရွာအုပ်စု၊ အောင်တပ်ကျေးရွာအုပ်စု၊ ငဝန်ဒေါင့်ကြီးကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာ၊ ကွမ်းခြံကုန်းကျေးရွာ၊ တောင်ယာကုန်းကျေးရွာ၊ ကံကုန်းကျေးရွာ၊ သံလျက်စွန်းကျေးရွာများရှိ အိမ်ထောင်စု ၂၇၆၄ စုတို့ကို သာပေါင်းမြို့ ထန်းပင်ချောင်ကျေးရွာ ချမ်းသာအောင်ကျောင်းတိုက်ဆရာတော် ဦးစာရိတ္တက အလှူရှင်များပေးအပ်လှူဒါန်းသော အဝတ်ထုပ်များအား ကျေးရွာများအရောက် ကူညီစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မျိုးဇော်ဦး

# သေမင်းတမန်မီးရထားလမ်းပိုင်းပြတိုက် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီး

**သံဖြူဇရပ် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ရန်ကုန်-မြိတ်ကားလမ်းမကြီးဘေးရှိ ကျောက်မီးသွေးစွမ်းအင်သုံး C-0522 မီးရထားစက်ခေါင်းအမည်းကြီးထားရှိရာနေရာဖြစ်သော မြန်မာ-ယိုးဒယား သေမင်းတမန်မီးရထားလမ်းပိုင်းဧရိယာဝင်းအတွင်း တည်ဆောက်နေသည့် မီးရထားပြတိုက်စီမံကိန်းမှာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးလာပြီဖြစ်၍ လာမည့်အောက်တိုဘာလကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးရထားလမ်းပြတိုက်အား မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တလမွန်ဆောက်လုပ်ရေးကုမ္ပဏီတို့မှ ပူးပေါင်း၍ ယခုနှစ်ဧပြီလတွင် စတင်ဆောက်လုပ်ခဲ့ကာ ၆ လတာကာလနှင့် အပြီးသတ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် မီးရထားပြတိုက်အဆောက်အအုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးများကာရံခြင်းတို့မှာ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးလာပြီဖြစ်ပြီး မီးရထားလမ်းပိုင်းနှင့်ပတ်သက်သော အမှတ်တရလက်ဆောင် ပစ္စည်းအရောင်းဆိုင်၊ အဆောက်အအုံများ၊ ဟိုတယ်များ၊ ရေကူးကန်များနှင့် ခန်းမများအားတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမီးရထားပြတိုက်ကြီးပြီးစီးပါက ၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံ (ယိုးဒယားနိုင်ငံ) သို့ ၁၇၅ မိုင်ဝေးသော မီးရထားလမ်းပိုင်းအား ဖက်ဆစ်ဂျပန်တို့၏ အာရှစစ်မျက်နှာပြင်ဖွင့်ကာ ဖောက်လုပ်ခဲ့မှုတွင် မဟာမိတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံအသီးသီးမှ ချွေးတပ်ဖွဲ့ဝင် ၁၂၀၀၀၀ ကျော်တို့၏ အသက်၊ သွေး၊ ချွေး ပေးဆပ်ဆောင်ရွက်ခဲ့သည့် ပုံရိပ်များကိုပြသထားမည်ဖြစ်သည်။

ယင်းအပြင် မီးရထားဇလီဖားတုံးအရေအတွက်များ၊ လူအသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသာ နိုင်ငံအသီးသီးမှ စစ်သုံ့ပန်းတို့၏ ပုံရိပ်များအား ပန်းချီ၊3D ဒီဇိုင်းပုံစံများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများအား လာရောက်လေ့လာကြသော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၊ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ခရီးသွားပြည်သူများအတွက် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ယင်းမီးရထားပြတိုက်စီမံကိန်း ပြီးစီးပါက မီးရထားပြတိုက်မှစတင်၍ ရထားလမ်းပိုင်းတစ်လျှောက် တစ်မိုင်ခန့် အကွာအဝေးအား အောက်မေ့ဖွယ်ရာအဖြစ် လာရောက်ကြည့်ရှုလေ့လာကြသူများ မီးရထားစီးနင်း၍ သွားလာနိုင်ကြစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အမှတ်တရပစ္စည်းလက်ဆောင်များအားရောင်းချပေးသွားမည်ဖြစ်ကြောင်း မီးရထားပြတိုက်စီမံကိန်းရုံးမှ တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

**ပွင့်သစ္စာ**

## ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ပညာပေးသင်တန်း ဖွင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၂**

ဆင်ပေါင်ဝဲမြို့နယ်တွင် စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ပညာပေးသင်တန် ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ စုစုပေါင်း ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ရက်တည်းသာ ပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ၏**
**(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း**

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်းအားကစားကွင်း၊ တော်လှန်ရေးပန်းခြံရှေ့ M-3 Food Centre တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကို၊ မောင်နှမများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

ကျင်းပမည့်အချိန် - ညနေ ၅း၃၀နာရီမှ ၉နာရီထိ
ကျင်းပမည့်ရက် - ၂၉-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - M-3Food Centre၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အလှူငွေများကို အောက်ပါကျောင်းသား/ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဦးမောင်မောင်အေး | - | ဖုန်း-၀၉-၅၁၂၆၆၆၅ |
| ဦးလှသိန်း | - | ဖုန်း-၀၉-၅၁၉၂၉၇၅ |
| ဦးမြဦး | - | ဖုန်း-၀၉-၅၀၃၁၅၃၈ |
| ဦးခင်မောင်မြင့် | - | ဖုန်း-၀၉-၅၁၃၀၅၁၄ |
| ဦးအေးနိုင် | - | ဖုန်း-၀၉-၅၀၆၀၈၉၇ |
| ဦးတင်မောင်လွင် | - | ဖုန်း-၀၉-၅၀၅၀၄၉၃ |
| ဦးတိုးဝင်း | - | ဖုန်း-၀၉-၈၆၃၃၇၂၂ |
| ဦးအောင်အောင်ဝင်း | - | ဖုန်း-၀၉-၅၀၃၃၅၀၃ |
| ဒေါ်ခင်ဝင်းကြည် | - | ဖုန်း-၀၉-၇၃၁၀၀၈၆၅ |

**ဖခင်အမည်မှန်**

ကော့မှူးမြို့နယ်၊ အထက နတ်စင်ကုန်း၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မအေးမိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ဖြစ်ပါကြောင်း။

ဦးအောင်ကျော်မိုး

**ဖခင်အမည်မှန်**

နေပြည်တော်တပ်ကုန်းမြို့အထက(၂)၊ ဒသမတန်း $10A_5$တွင် ပညာသင်ကြားနေသော မသက်နှင်မေ၏ဖခင် ဦးဆန်းညွန့်တင်မှ ဦးဆန်းညွန့် [၉/တကန(နိုင်)၁၂၉၁၄၆] ဟုပြောင်းလဲခေါ် ပေးပါရန်။

**"ပျောက်ဆုံးခြင်း"**

ACE MYANMAR INTERNATIONAL CONSTRUCTION CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၃၉၅၆/၂၀၁၁-၁၂ ရက်စွဲ ( ၂၀-၂-၂၀၁၂ ) ကတ်ပြားမူရင်း မှာ ( ၄-၉-၂၀၁၅ )ရက်နေ့ နံနက်(၁၀း၀၀) နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm



# မြန်မာ့ရိုးရာအစားအစာထိန်းသိမ်းပြီး လုပ်ကိုင်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရှာဖွေ၍ ရပ်တည်

**မကွေး စက်တင်ဘာ ၁၂**

ရှေးဘုရင်များလက်ထက်မှစတင်၍ မြန်မာ့ရိုးရာအစားအစာတစ်ခုအနေဖြင့် စားတော်ကဲများပြုလုပ်ဆက်သခဲ့ရသော မုန့်ပေါင်းကို ရှေးလူကြီးသူမများသင်ကြားပေးခဲ့သဖြင့် ဆက်လက်ထိန်းသိမ်းပြီး လုပ်ကိုင်ရောင်းချသည့် ဝင်ငွေဖြင့် ရပ်တည်နိုင်သည်။

ယင်းမုန့်ပေါင်းကို ပြုလုပ်ရန်အတွက် ကောက်ညှင်းဆန်စစ်စစ် အဖြူ ငချိပ် ကြိတ်ပြီး ရေစစ်၍ စဥ့်အင်တုံနှစ်လုံးတွင်အဖြူ ငချိပ် သပ်သပ်စီခွဲ၍ နှပ်ထားရသည်။ ယင်းနောက် စားတော်ပဲ၊ ပဲလွန်းစေ့များပြုတ်ပြီး ရေစင်အောင်စစ်ထားရသည်။ မုန့်ပေါင်းပြုလုပ်ရန်အတွက် ဆန်ခြောက်ပြည်ခန့်ချက်သော ဒန်အိုးကို သံဖြူဆိုင်တွင် သီးသန့်အပ်၍ ပုံစံခွက်ဖော်ပြီး အဖုံးအပိတ်ကိုလေလုံအောင် စက္ကူစုပ်ဆွဲထားပြီး ရေဆူအိုးတည်ရသည်။ ၎င်းနောက် အဝတ်ပါးပါးတွင် ငှက်ပျောဖက်ထဲ၌ စားတော်ပဲနှင့် ပဲလွန်းစေ့ပြုတ်ပြီးသားကို အနည်းငယ်စီခံပြီး အဖြူတစ်ခြမ်း၊ အနီတစ်ခြမ်းစီထည့်ပြီး ပဲလွန်းနှင့်စားတော်ပဲ ထပ်မံအုပ်၍ စလောင်းဖုံး အုပ်ပေးရသည်။ မိနစ်အနည်းငယ်ခန့် ရေနွေးအငွေ့ပေါင်းပြီးပါက အသင့်စားသုံးနိုင်သော မုန့်ပေါင်းရရှိသည်။ ၎င်းမုန့်ပေါင်းကို ဆားနှမ်းထောင်းနှင့် နှမ်းဆီစိုစိုဆမ်းပါက အလွန်အရသာရှိလှသည်။ အလွန်အကျွံစားသုံးပါက ဝမ်းချုပ်စေသည်ဟု သိရသည်။

"ကျွန်မအိမ်ထောင်ကျခါစတုန်းမှာ ဒီမုန့်ပေါင်းပညာကို အဖွားကသင်ပေးခဲ့တာ။ တစ်နေ့ ကောင်ညှင်းသုံးပြည်ကုန်တယ်။ ဆောင်းမှာမုန့်လုပ်ရောင်းရတာလောက်တော့ မကျန်ဘူး။ နွေနဲ့မိုးရာသီတွေမှာ မီးဖိုနားသိပ်မကပ်နိုင်တာလည်းပါတယ်။ ကောက်ညှင်းဈေးကလည်း တက်လာတယ်။ တချို့ဌာနတွေက နေ တာဝန်ရှိသူတွေ ညှော်ခံဖို့ အော်ဒါလာမှာကြတယ်။ အော်ဒါဆို တစ်ခု နှစ်ရာတန် ရှယ်လုပ်ပေးရတယ်။ ပုံမှန်ရောင်းတာကတော့ ဆယ်ခု ငါးရာကျပ်တန် ပြုလုပ်ရောင်းပါတယ်။ အရင်က ကောက်ညှင်းတစ်ပြည် တစ်ထောင့်နှစ်ရာကျပ်ပဲပေးရတယ်။ အခုကောက်ညှင်းတစ်ပြည်ကို တစ်ထောင့်ခြောက်ရာကနေ နှစ်ထောင်ကျော်ထိ ပေးဝယ်နေရတယ်။ လေးပြည်လောက်ကုန်ရင် ကိုယ့်အတွက် ထင်းဖိုး၊ ပစ္စည်းဖိုးနုတ်ပြီး ခုနစ်ထောင်ကျပ်လောက်ကျန်တယ်။ အခုမုန့်ပေါင်းလုပ်ရောင်းပြီး ကလေးသုံးယောက် ကျောင်းထားပေးနိုင်တယ်။ အကြီးဆုံးသမီး ဥပဒေမဟာတန်းကိုတက်နေပြီး ရှေ့နေဖြစ်တော့မယ်။ ဒီမုန့်ရောင်းပြီး ကျွန်မတို့မိသားစု အဆင်ပြေပါတယ်"ဟု မုန့်လုပ်ရောင်းသူ မအေးမာက ပြောပြသည်။

ယင်းမုန့်ပေါင်း လုပ်ကိုင်ရောင်းချခြင်းကို မကွေးမြို့၏အထင်ကရသမိုင်းဝင် မြသလွန်ဘုရားပွဲတော်နှင့် ကန်သာအေးစေတီဘုရားပွဲများ၌သာ မုန့်လုပ်ရောင်းချသူများ တွေ့ရှိရသည်။ ပြည်တော်သာလမ်းနှင့် ရွာသစ် ၁၇ လမ်းထိပ်ရှိ မုန့်ပေါင်းအရောင်းဆိုင်မှာ တစ်ဆယ့်နှစ်လပတ်လုံး ပြုလုပ်ရောင်းချ၍ မိသားစုရပ်တည်ရသည်။ တချို့သူများ မြန်မာ့ရိုးရာ မုန့်ပေါင်းပညာနှင့် မုန့်ပေါင်းသိသူနည်းပါးမှုများလည်း ရှိနေကြောင်း သိရသည်။ **ခွဲထက်ရှင်**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ကနီ စက်တင်ဘာ ၁၂**

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ကျေးရွာတစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် ထူးကျေးရွာ၊ ညောင်သူများကျေးရွာ၊ လည်ရှည်ရွာမကျေးရွာ၊ ငါးဖျက်ကျေးရွာ၊ အင်ချောင်ကျေးရွာ၊ မုဒ္ဒော(န)ကျေးရွာ၊ ရေသာရွာမကျေးရွာ၊ ညောင်ပင်ဝန်းကျေးရွာနှင့် ချောင်းမ(န)ကျေးရွာစသည့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာကိုးရွာ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းကျေးများအား လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က "ယခု ကျွန်တော်တို့ ဒီစီမံကိန်းဝင်ကျေးရွာ နိုင်ငံတော်မှပံ့ပိုးငွေကျပ် သိန်း ၃၀၀ ကို မတည်၍ အရင်းမပျောက်လည်ပတ်ကာ ရန်ပုံငွေထူထောင်နိုင်ရန် ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်မှ ကျေးရွာများကို ရန်ပုံငွေများထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာကိုးရွာမှ ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများထံသို့ တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မိုးစပါး ၄၆၄၄၅ ဧက လျာထားစိုက်ပျိုး



**တပ်ကုန်း စက်တင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရေးကို ဆင်သေးမုန်၊ ကင်းသာ၊ ပွဲစား၊ ညောင်ကိုင်း၊ ပိတောက်ကုန်း စသည့်အစိုးရဆည်၊ ကန်များနှင့် ပုဂ္ဂလိကဆည်များ၊ မိုးကောင်းသောက်ရေများဖြင့် မိုးစပါး ၄၆၄၄၅ ဧက လျာထားစိုက်ပျိုးလျက်ရှိရာတွင် ဩဂုတ်လအတွင်းက မိုးရေချိန်ပုံမှန်ထက် လျော့နည်းမှုကြောင့် ယနေ့အထိ လျာထားပြည့်မီရေး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်အတွင်း စပါးစိုက်ပျိုးရာအလုပ်သမများ အခက်အခဲမရှိစေရေးအတွက် ကျောက်တံခါးမြို့နယ်မှ ကောက်စိုက်သမများခေါ်ယူကာ စိုက်ရက်ချိန်များလက်ခံထားပါတယ်။ ကောက်စိုက်သမတစ်ဦးလျှင် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီထိ နေ့စားခ ၃၅၀၀ ကျပ်ပေးရကြောင်း မွန်းနံကုန်းကျေးရွာမှ ဦးပွကပြောသည်။


**တင်စိုးလွင်**

❐









## ပြည်တွင်းရေးရာ

# မဲစာရင်းတွင်ပါပြီးနိုင်ငံသား ကတ်နှစ်မျိုးစလုံးကိုင်ဆောင် ထားခြင်းမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**ကနီ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများထဲမှ မဲစာရင်းတွင်ပါဝင်ပြီး ဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်နှစ်မျိုးစလုံး ကိုင်ဆောင်ထားခြင်းမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၉ ရက် က ကနီမြို့အမှတ်(၃) ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ပေးကြောင်းသိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့သူတွေ မဲစာရင်းတွင်ပါဝင်ပြီး ဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်နှစ်မျိုးစလုံး ကိုင်ဆောင်ထားခြင်းမရှိသူတွေကို စိစစ်ပြီး ပြည်သူတွေ ရွေးကောက်ပွဲမှာ အဆင်ပြေစွာ မဲပေးနိုင်ဖို့ကို အခုလို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ကွင်းဆင်းဆောင်ရွက် ပေးတာပါ။ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင် လည်းတက်ရောက် အားပေးပါတယ်"ဟု မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အေးက ပြောကြားသည်။

**သန်းဌေးအောင်(ကနီ)**

# ပွင့်ဖြူမြို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ သင်ကြားရေး ပစ္စည်းများလိုအပ်



**ပွင့်ဖြူ စက်တင်ဘာ ၁၂**

မကွေးမြို့တိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အနောက် ၈ မိုင်ခန့်ကွာရှိ ပေတာ-ကျောင်းကုန်းကွေးရွာတွင် ဘုန်းတော်ကြီးသင်(ဘ-က) ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ထို(ဘ-က)ကျောင်းလေးတွင် စာပေသင်ကြားရေးအတွက် သင်ထောက်ကူပစ္စည်းများ လိုအပ်နေကြောင်း ကျောင်းထိုင်ဆရာတော် ဦးတေဇနိယက မိန့်ကြားခဲ့သည်။

"ဒီကျောင်းမှာရှိတဲ့ ပလောင်တိုင်းရင်းသား မိဘမဲ့ကလေးတွေဟာ ရှမ်းပြည်နယ်၊ တရုတ်ပြည်နယ်စပ်၊ ကွတ်ခိုင်၊ နမ့်ခမ်းမြို့နယ်တွေထဲက ဂျုံတော့ဆိုတဲ့ဒေသက စစ်ဘေးသင့်ကလေးငယ်တွေပါ။

"တရုတ်ပြည်နယ်စပ် စစ်ပြေးဒုက္ခသည်တွေရဲ့ကျေးရွာတွေကပါ။ မိဘ၊ မောင်ဘွားတွေက ပြည်တွင်းစစ်ရဲ့ ဒဏ်ကြောင့် ထွက်ပြေး၊ သေဆုံးသွားကြပါတယ်။ အဲဒါကြောင့် ဆရာတော်အနေနဲ့ ဒီကလေးငယ်တွေရဲ့ ဘဝလေးတွေကို သနားပြီး သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတွေကို တာဝန်ယူပြီး စောင့်ရှောက်ထားတာပါ"ဟု ဆရာတော်ကြီးက ဆက်လက်မိန့်ကြားခဲ့သည်။

"ကျောင်းမှာရှိတဲ့ ကလေးငယ်တွေကို မန္တလေးမြို့ ဘ-က ဝန်ဆောင်မှုကျောင်းမှတစ်ဆင့်ခွဲဝေ တာဝန်ယူစောင့်ရှောက်ဖို့ အကူအညီတောင်းတဲ့အတွက် ဆရာတော်ကိုယ်တိုင် နှစ်ကြိမ်၊ သုံးကြိမ်ခွဲပြီး ရွာအရောက်ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ မြန်မာပြည်နယ်စပ်ဒေသ စစ်ဘေးသင့် ပလောင်တိုင်းရင်းသား မိဘကလေးငယ်တွေပါ ကျောင်းရောက်စက မြန်မာစကားမတတ်ကြပေမယ့် အခုနောက်ပိုင်း အနည်းအကျဉ်းတော့ နားလည်လာကြပါပြီ"ဟု ကျောင်းထိုင်ဆရာတော်ဦးတေဇနိယက မိန့်ကြားသည်။

၎င်းကျောင်းလေးသည် လွန်ခဲ့သော နှစ်နှစ်ကျော် ကာလကမှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းထိုင်ဆရာတော် ဦးတေဇနိယကဦးစီးကာ မြန်မာပြည်နယ်စပ်ဒေသမှ မိဘမဲ့ ပလောင်တိုင်းရင်းသားကလေးငယ် ၅၈ ဦးတို့အား ဒေသမှ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမသုံးဦးတို့က စာပေသင်ကြားပို့ချပေးနေကြောင်း သိရသည်။

"ကျွန်မတို့ ဘ-က ဝန်ဆောင်မှုကျောင်းရဲ့ ကလေးတွေ ပညာသင်ကြားရေးအပိုင်းမှာ စာသင်ခုံမရှိ၊ စာသင်ဆောင်မရှိဆိုတော့ ဘုန်းကြီးကျောင်းအောက်၊ သစ်ပင်အောက်တွေမှာ ဖျာခင်းပြီး စာသင်ကြရပါတယ်။ စာအုပ်၊ ခဲတံကအစ ပြည့်စုံမှုမရှိတော့ရှိတာကိုပဲ မျှဝေသုံးနေရတယ်။

"ဆရာတော်ကတော့ မကြာခဏ ဝယ်ပြီး ဖြည့်ဆည်းပေးပါတယ်။ ပွင့်ဖြူမြို့နယ် ရေကြီးရေလျှံတုန်းက ဒီရွာမှာလည်း ရေမြုပ်တယ်လေ။ အဲဒီအချိန်ကဆို အတော့ကို ဒုက္ခရောက်ကြတယ်။ ရေကျပေမယ့် ကျောင်းဝင်းထဲမှာ ရွှံ့ဗွက်တွေ၊ နုန်းတွေနဲ့ဆိုတော့ စာမသင်ကြားနိုင်တာ တော်တော်ကို ကြာခဲ့ပါတယ်"ဟု ဘ-က ဝန်ဆောင်မှုကျောင်းမှ ဆရာမဒေါ်ခိုင်ခိုင်အေးက ပြောသည်။

"ပွင့်ဖြူမြို့နယ်က အလှမ်းဝေးတဲ့အတွက် အလှူရှင်တွေ လာလှူကြပေမယ့် ကလေးတွေ ပညာရေးအတွက် စာအုပ်တွေ ခဲတံတွေက မပါတာများတယ်။ ဒေသဝန်းကျင်က ပြည်သူတွေ ရေဘေးကြောင့် အားလုံး ဒုက္ခရောက်ကြတော့ အခုနောက်ပိုင်း အလှူရှင်တွေ အလာနည်းသွားတယ်။ ကျွန်မတို့အနေနဲ့က မိဘမဲ့ကလေးတွေကို နွေးထွေးတဲ့ ကရုဏာ၊ အကြင်နာတွေပေးပြီး စာသင်ကြားပို့ချပေးသွားမှာပါ"ဟု အဆိုပါ ဆရာမလေးက ဆက်လက်ပြောသည်။

"ကလေးတွေရောက်စက မိဘမဲ့ ပလောင်တိုင်းရင်းသားလေးတွေဆိုပြီး ဒေသဝန်းကျင်ကျေးရွာတွေကပါ လာလှူကြပါတယ်။ ခုနောက်ပိုင်း ရေဘေးကြောင့် ဒေသပြည်သူတွေလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ဆိုတော့ မလှူဖြစ်ကြတော့ဘူးလေ။ ရေဘေးကြောင့် ဆရာတော်နဲ့ ကလေးတွေလည်း စားရေးသောက်ရေးကအစ အခက်အခဲဖြစ်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

**ကိုကျော်(မင်းဘူး)**

# စစ်ကိုင်းတိုင်းဒေသကြီး ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များ၏သားသမီး များအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ရေစကြို စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေများကို အိမ်တိုင်ရာရောက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ပုံငွေထဲက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပေးတာပါ။ ဒီနှစ်တော့ ရေစကြိုကို တစ်နှစ်တစ်ခါသွားရလာရအခက်အခဲတွေကြောင့် အဖွဲ့ဝင်တွေကိုယ်တိုင် အိမ်တိုင်ရာရောက် ပို့ဆောင်ထောက်ပံ့ပေးနေပါတယ်။

"ဒီနှစ် ထောက်ပံ့ကြေး ပေးတာကတော့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၆၈ ဦးကို တစ်ယောက်ကို ကျပ် ၁၀၀၀၀ နှုန်းနဲ့အခုနှစ်ဆယ်တန်းအောင်တဲ့ကျောင်းသူ၊ ကျောင်းသူနဲ့ တက္ကသိုလ်ပညာဆက်လက်သင်ယူနေတဲ့ ကျောင်းသား၊ကျောင်းသူ ၁၁ ဦး ကိုလည်းတစ်ယောက်ကို ကျပ်၁၀၀၀၀ နှုန်း ထောက်ပံ့ပါတယ်"ဟု မြို့နယ်စစ်မှု ထမ်းဟောင်း အဖွဲ့-ဥက္ကဋ္ဌ ဦးကျော် ကျော်ဟန်က ပြောသည်။

**ဖေထွဏ်ဇော်(ရေစကြို)**


တရုတ် ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

ရောင်းမည်
ဒဂုံအရှေ့ပိုင်း၊ ချမ်းသာရွှေပြည်အိမ်ရာ ပေ(၇၅×၇၅) မြေကွက်ကျယ် ဝင်ပေါက်အနီး
ညှိနှိုင်းဈေး ဖုန်း-၀၉-၇၉၅၅၆၀၉၆၆
၀၉-၉၇၀၁၁၂၆၉၉

ဝန်ထမ်းအမြန်အလိုရှိသည်
Beauty Saloon (အမျိုးသမီးသီးသန့်)
တွင် တာဝန်ထမ်းဆောင်ရန်
ဘာသာစုံကျွမ်းကျင် မ(၂)ဦး
- လုပ်ငန်းကျွမ်းကျင်သူဦးစားပေးမည်။
ဆက်သွယ်ရန် ဖုန်း ၀၉-၇၉၈၁၁၆၃၃၁

Probox Taxi
(ငှားရန်အလိုရှိသည်)
(1.3) ခတ်ဆီ၊ အိမ်ပေး
တစ်လက်ကိုင်
စပေါ် ၃၀၀၀၀၀
လစာညှိနှိုင်း
ဖုန်း-၀၉-၉၆၀၂၉၂၆၉၁

ရွှေပုပ္ပါး Travel
(၆၃) ကြိမ်မြောက်
အဿထဏ်ပွဲ (၃၃၃ါ-၃၃၆)
Sep: 28
Oct : 16
0973026597, 09.420201083, 09.260404360, 09.799825456

The 3rd Housing & Living 2015
September 10 to 13, 2015
Tatmadaw Hall, Yangon, Myanmar
ဝမ်းမြောက်ဂုဏ်ပြုလွှာနှင့် ကျေးဇူးတင်လွှာ
ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၁၀ရက်မှ၁၃ရက်နေ့ထိ ကျင်းပပြုလုပ်သည့် တတိယအကြိမ်အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅တွင် ပြခန်းအလှဆုံးဆုရွေးချယ်ချီးမြှင့်ခံရသော Prime Livingmall ကုမ္ပဏီအားအထူးပင်လှိုက်လှိုက်လှဲလှဲထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆထက်တန်ပိုးအောင်မြင်အခွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တတိယအကြိမ်အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅ဖွင့်ပွဲကိုကြွရောက်ချီးမြှင့်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသောရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်၊ Prime Livingmall နှင့် MKT Construction Company Limited, Director ဦးမင်းခန့်သော်၊ Uni Asia Company Limited, Chairman - Mr. Lim တို့ကိုအထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းနှင့်ပြပွဲအားစည်ကားသိုက် မြိုက်အောင်အဖက်ဖက်မှပံ့ပိုးကူညီပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ UN Habitat၊ Construction & Housing Development Bank၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြပွဲအားပူးပေါင်းပါဝင်ပြသပေးပါသောကုမ္ပဏီအသီးသီးနှင့် ကြွရောက်ဟောပြောဆွေးနွေးပေးပါသော Construction & Housing Development Bank, Managing Director ဦးဝင်းဇော်၊ ပါမောက္ခဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)၊ MKT Construction Company Limited, CEO ဦးမျိုးမြင့်၊ Taw Win Family Company Limited, Chairman ဦးကိုကိုထွေး၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်၊ Sai Khung Noung Company Limited, Managing Director ဦးစိုင်းခွန်နောင်၊ Global World Insurance Company Limited, Director ဦးစိုးဝင်းသန့်၊ Forever Group, Project Director ဦးမျိုးမြတ်သူ၊ Green Vision Business Group, Managing Director ဦးဉာဏ်မင်းထွဋ်၊ Wa Minn Group, Vice Chairman ဦးလွင်မိုး၊ Tin Maung Trading Company Limited, Director ဒေါ်ဝင်းသီရိခိုင်နှင့် ပြပွဲသို့ တစ်ခဲနက်ကြွရောက် လေ့လာဝယ်ယူသူ မိတ်ပြည်သူများ အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။
www.events-housingandliving.com
Dagon Exhibitions Limited


MPT
MPT
အထူးအစီအစဉ်
နာရီတိုင်းမှာ
၅ မိနစ်စာ
"SWE" 1332 SMS
mptofficialpage
www.mpt.com.mm
CALL CENTER 106
free hotline, 24 hours everyday


ကြော်ငြာ




Official Warranty by: Enterprise Limited
SONY SHOWROOM YANGON:
SONY SHOWROOM MANDALAY:
SONY SHOWROOM NAY PYI TAW: WHOLE SALES / DISTRIBUTION :

# မြကန်သာ Condominium

## လှိုင်မြို့နယ် ISM ကျောင်းနှင့် သီရိမင်္ဂလာဈေးအနီး




၇၃ - စီ၊ မြကန်သာ(၄)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။

## လစဉ် (၁၀) သိန်း

### (၅၀) ခန်းတွက်ဝယ်ခွင့်ကို တာဝန်ယူမည်

မြေရှင် i GREEN
DEVELOPER i GREEN
CONSTRUCTION i GREEN

## တပ်မတော်ခန်းမ
## SEP 10 to 13

## Junction Square
## SEP 16 to 18

## အခတိုးပေးရန်မလို

# ၁၀၄၆

## ငွေချေစနစ်

## သိန်း (၃၀) ယူလာမှ အခန်းရဖို့သေချာမယ်

iGREEN HeadOffie-82-A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ Junction-8 ရှေ့

ကြော်ငြာ


IT COMPUTER TRAINING CENTER
ENGLISH
AutoCAD - 3ds Max
VIDEO EDITING
Computer Basic
LCCI I-II
MOBILE PHONE
SOFTWARE
HARDWARE
DESKTOP PUBLISHING
Service Technician
GRAPHIC DESIGN


တစ်ပေပတ်လည်လျှင် 390,000 ကျပ်ဝန်းကျင်ဖြင့်သာရောင်းချနေပါသည်။
(နေစဉ်ငွေလဲနှုန်းပေါ်မူတည်၍ သတ်မှတ်ရောင်းဈေး အပြောင်းအလဲရှိနိုင်ပါသည်။)
သားစဉ်မြေးဆက် ပိုင်ဆိုင်မှုအစစ်အမှန် ပေးနိုင်သော ကွန်ဒိုမီနီယံ
INFINITY
အမှတ် ၇၇၊ ကမ္ဘာအေးဘုရားလမ်းပေါ်တွင် တည်ရှိပါသည်။
ပိုင်လုပ်ငန်း ပြီးစီးပါပြီ။
အရောင်းပြခန်း နှင့် အခန်းနမူနာပုံစံများအား လာရောက်လေ့လာပါရန် ဖိတ်ခေါ်အပ်ပါသည်။
စုံစမ်းရန်
၀၉ ၂၅၂၈၅ ၇၇၁၁
၀၉ ၂၅၂၈၅ ၇၇၂၂
အရောင်းပြခန်းနှင့် ရုံးခန်း
info@khgdevelopment.com | www.khgdevelopment.com
KHG DEVELOPMENT


Home
Think of House, Think of Home
လေးထောင့်ကန် SHOWROOM ဖွင့်ပွဲကာလ အထူးအစီအစဉ်
Double Present !
BUY FLOOR
( ကြမ်းခင်း 3 ကျင်း )
Package Promotion
GET 1 FREE!
လက်ဆောင်
3 ကျင်း
5 ကျင်း
7 ကျင်း
ပထမဦးဆုံး ဝယ်ယူသူ 30 ဦးသာ
• ပါကေး အစားထိုး ကြမ်းခင်း
• ကွန်းအစားသုံးအခန်းကာ
• Kitchen Cabinet
★ ကျင်းအရေအတွက်အလိုက် လက်ဆောင်များ ခွဲခြားထားပါသည်
** Selected Items Only
လေးထောင့်ကန် Showroom:
အမှတ်– (E 11-A)၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီ မှတ်တိုင်အနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
☎ 09 79 700 70 73
09 79 700 70 83


အလှအပနှင့် ပတ်သက်သော ပြဿနာများအတွက် Dr Face မှ သင်စိတ်တိုင်းကျသည်အထိ
နောက်ဆုံးပေါ်ကုထုံးများဖြင့် အာမခံကုသပေးနေပါသည်။
အသားရေညိုမဲပြီးတင်းခြိုများကြောင့်စိတ်ညစ်နေပါသလား
သင့်မျက်ဝန်းလေးတွေမလှလို့စိတ်ညစ်နေပါသလား
သင့်နှာခေါင်းကိုစိတ်တိုင်းမကျဖြစ်နေပါသလား
သင့်မျက်နှာပေါ်မှာအရေးအကြောင်းတွေမြင်နေရပြီလား
ဦးရေပြားမှာအဆံပင်ပြန်ပေါက်ဖို့မျှော်လင့်နေပါသလား
တင်းတိမ်နဲ့ အဆီတွေပျောက်ဖို့ ဆေးမျိုးစုံ လိမ်းပေမယ့် မထူးခြားဘဲ ဖြစ်နေပါသလား
တက်တူးဖျက်ချင်လို့လား
Dr Face
20-40% OFF
ဆက်သွယ်ရန်– ဘီ(၅)၊ မလိခအိမ်ရာတိုက်တန်းသစ်၊ ရတနာလမ်းမ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၂၆၁၀၃၈၈၇၅၊ ၀၉ ၂၆၁၀၃၈၈၇၆၊ ၀၉ ၈၇၆ ၂၆၄၃

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)၊ Romelt Plant ၏ အလုပ်ရုံ(၁၅)ရုံတွင် တပ်ဆင်ရန် Communication & Alarm Equipment(1)Lot ဝယ်ယူတပ်ဆင်ခြင်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံ စတင်ထုတ်ယူနိုင်မည့်နေ့ရက် - ၁၁-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၈-၉-၂၀၁၅ရက်၊ ၁၄း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၀၅၀၆၀**

---

**ကိုညာဏ် KO NYAN**
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက် Model မြင့် ကားသစ် မျိုးစုံ ငှား/ဝယ်/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

---

**သုံးရာသီ** ဝမ္မဒါန
(၆၃)ကြိမ် ဘိုးမင်းခေါင်ထွက်ပွဲ ညအိပ် ၃ရက်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀၀/-Sep - 29
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ တောင်ကြီး အင်းလေး
Sep - 29 ထန်စမ်းဂူ၊ ကက္ကူဘုရား
ကားအမျိုးမျိုးငှားလိုပါသည်။
☎ 420144148, 421153797

---

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

---

**ရွှေပင့်ကူ**
ပြိုင်ပွဲ ပြိုင်မြင်းက် အဘထွက်ပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ အဘရွာ၊ ပခုက္ကူ
၃ညအိပ်၄ရက် Sep-28ထွက်မည် စားငြိမ်း40000/-
အဘထွက်ပွဲ၊ ပုပ္ပါး၊ အဘရွာ သီးသန့်
၁ညအိပ်၂ရက် Sep-29ထွက်မည် စားငြိမ်း25000/-
09 73130346, 09 423720047

---

**ကား မျိုးစုံ**
(Alphard/Crown/MarkII/အနိစတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

---

**လပြည့်** 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

---

**YnJ Engineering Co.,Ltd**
Ph : 09 260782138, 09 250919790, 09 423722571
**Vacancy for Accountant (Male or Female)**
- Must know basic account, Profit & Loss and Balance Sheet.
- Must have experience in account min 2yrs and responsible & honest person.

---

**ဖခင် အမည်မှန်**
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အထက (သုဝဏ္ဏ)၊ ဆဋ္ဌမတန်း(A) မှ မဆုလင်းနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးထွက်းထွက်းနိုင် [၁၂/ သဃက (နိုင်)၁၄၄၅၅၃] ဖြစ်ပါသည်။
ဦးထွက်းထွက်းနိုင်

---

## လက်တကမ်းပေးကူ သဒ္ဓါဖြူ ချယ်ရီဦးနှင့်လှူ

**ချယ်ရီဦး တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့် အခွင့်အရေး...**

**LET'S SAVE OUR PEOPLE**

ချယ်ရီဦး နာရီဆိုင်များတွင်(၁၅-၈-၂၀၁၅ မှ ၃၀-၉-၂၀၁၅)အတွင်း ရောင်းရငွေများမှ (၃%)ကို မျှဝေ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး *Customer* များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။

ချယ်ရီဦး *Customer* များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်း ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

CHERRY OO : *01 381751, 01 375491, 09 73145658, 02 72992.*
www.cherryoo.com
cherryoowatchgallery




KMD
Authorised Distributor

HTC Auhtorised Service Centre (Ygn) : 73-75, 49th St, (Middle),Pazundaung Tsp, Tel: 01 201961
HTC Authorised SErvice Centre (Mdy) : 103/1, 77th St, Bet 27th & 28th St, Chanayetharzan Tsp.
Tel: 02 60239, 60360 Ext:8007

(၁၈)လ အာမခံ
၁၀၀% မြန်မာစာစနစ်




45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၂၅)၊ ဂန္ဓမာလမ်းနေ ဦးကြည်စွန်း(ဘ)ဦးဝင်းတင်[၁၂/ကတန (နိုင်) ၀၇၃၆၄၆]၏ တစ်ဦးတည်းမူပိုင် ပြုလုပ်သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများ ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်နှင့် အမည်၊ အမှတ်အသား ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသား

| | |
|---|---|
| O.K.Pop® 3D NEW FASHION | O.K.P® 3D NEW FASHION |
| (၄/၁၀၃၄၆/၂၀၁၅)၊ ရက်စွဲ(၁၂-၈-၂၀၁၅)၊ | (၄/၁၀၃၄၇/၂၀၁၅)၊ ရက်စွဲ(၁၂-၈-၂၀၁၅) |
| ကုန်အမှတ်တံဆိပ်နှင့်အမည်၊ အမှတ်အသား | ကုန်အမှတ်တံဆိပ်နှင့်အမည်အမှတ်အသား |
| O.K.Bell® 3D NEW FASHION | O.K.B® 3D NEW FASHION |
| (၄/၁၀၃၄၈/၂၀၁၅) ရက်စွဲ (၁၂-၈-၂၀၁၅) | (၄/၁၀၃၄၉/၂၀၁၅)၊ ရက်စွဲ(၁၂-၈-၂၀၁၅) |

အထက်ဖော်ပြပါ 'O-K=Pop®'၊'O-K-P®'၊'O=K-Bell®'၊'O-K=B®'ဟူသော စာလုံးဖြင့်ပင် အုပ်စု "၁၈၊၂၄နှင့် ၂၅"တို့တွင် ပါဝင်သော အဝတ်အထည်၊ ချည်ထည်၊ သားရေထည်နှင့် ပတ်သက်သည့် လူသုံးကုန် အမျိုးမျိုးတို့တွင် ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းထုတ်လုပ်ရောင်းချသွားနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၄/၁၀၃၄၆/၂၀၁၅)၊ ရက်စွဲ ၁၂-၈-၂၀၁၅၊ (၄/၁၀၃၄၇/၂၀၁၅)၊ ရက်စွဲ၁၂-၈-၂၀၁၅၊ (၄/၁၀၃၄၈/၂၀၁၅)၊ ရက်စွဲ၁၂-၈-၂၀၁၅၊ (၄/၁၀၃၄၉/၂၀၁၅)၊ ရက်စွဲ ၁၂-၈-၂၀၁၅တို့အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ (သို့မဟုတ်) လူအများကသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှားတုပပြုလုပ်သုံးစွဲ၊ ရောင်းချပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူရလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးခင်ညွှန့် (၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁)အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။


ရုံးခန်း(၂)၊အမှတ်-၉၀၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်။

ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၇၈၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၇၈၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊၇၈၆၈၀၆၁၂၃









Hot Line No-0930500100

# MNLအမှတ်ပေးပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင်

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

MNL အမှတ်ပေးပြိုင်ပွဲကို တစ်လနီးပါးရပ်နားထားရာမှ ပွဲစဉ် ၁၇ ကို ယနေ့ပြန်လည်ယှဉ်ပြိုင်ကစားရာ ချင်းနှင့် ဟံသာဝတီ၊ ဧရာဝတီနှင့် နေပြည်တော်တို့ ဂိုးမရှိသရေကျခဲ့ပြီး ဇေယျာရွှေမြေအသင်းနိုင်ပွဲပြန်ရခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**ချင်းယူနိုက်တက်- ဂိုးမရှိ ဟံသာဝတီ- ဂိုးမရှိ**

ဒုတိယအကျော့တွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် ချင်းယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း နိုင်ပွဲရယူနိုင်ခဲ့ခြင်းမရှိဘဲ ဒုတိယ အကျော့ ငါးပွဲစလုံးနိုင်ပွဲပျောက်ဆုံးခဲ့သည်။

ဟံသာဝတီအသင်းမှာနိုင်ပွဲ ဆက်ရေးကြိုးပမ်းခဲ့သော်လည်း ရရှိသည့် အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

တန်းဆင်းအန္တရာယ်ရှိနေသောကြောင့် နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖**



ဟံသာဝတီနှင့် ချင်းယူနိုက်တက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

***နယ်စပ်ဒေသဂိတ်များနှင့် လမ်းကြောင်းများမှ တရားမဝင်တင်သွင်းလာသည့် ကုန်ပစ္စည်းများကို Mobile Team အဖွဲ့များဖြင့် ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါအဖွဲ့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။***

တွေ့ဆုံမေးမြန်း - သီရိ
ဓာတ်ပုံ - ဇေယျာဝင်း

# တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ



## ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**မေး။ ။ Mobile Team အဖွဲ့ကို ဘယ်အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားပါသလဲ။**

ဖြေ။ ။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၂၀ နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ပါဝင်တဲ့အဖွဲ့အစည်းတွေက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ရေကြောင်းရဲ၊ လေကြောင်းရဲ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အပါ အဝင်)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန(လေကြောင်း ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(သတင်းမီဒီယာ)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့)၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်သုံးဆီအသင်းနဲ့ ကုန်သည်အသင်းတို့ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့❒**

**ယနေ့**

## မာတိကာ


**အိန္ဒိယနိုင်ငံ အလယ်ပိုင်းမြို့တစ်မြို့မှ စားသောက်ဆိုင်တစ်ဆိုင်တွင် ဓာတ်ငွေ့အိုးပေါက်ကွဲမီးလောင်၍ လူ ၈၉ ဦး သေဆုံး**
စာမျက်နှာ - ၄

**သဘာဝဘေးနှင့် လူကုန်ကူးမှုအန္တရာယ်**
စာမျက်နှာ - ၆

**ကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း၊ ကုသခြင်းနှင့် တိရစ္ဆာန်အစာဖြည့်တင်းခြင်း လုပ်ငန်းများ ဆောင်ရွက်**
စာမျက်နှာ - ၈


# ၂၀၁၆ အိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲဝင် မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်း မန္တလေးမြို့ ဗထူးကွင်းတွင် လေ့ကျင့်



**မန္တလေး စက်တင်ဘာ ၁၂**

၂၀၁၆ အိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲ(ဒုတိယအဆင့်)ပွဲစဉ်များကို မန္တလေးမြို့ ချမ်းမြ သာစည်မြို့နယ် မန္တလာသီရိဘောလုံးကွင်းတွင် စက်တင်ဘာ ၁၄ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ရာ အိမ်ရှင်မြန်မာအမျိုးသမီးဘောလုံးအသင်းအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် ဂျော်ဒန်နိုင်ငံ အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းတစ်သင်းသာ တတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကစားမည့် မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် စက်တင်ဘာ ၁၁ရက် ညနေ ၄နာရီက မန္တလေးမြို့ဗထူးဘောလုံးအားကစားကွင်းတွင် ကွင်းဆင်းလေ့ကျင့်ပြင်ဆင်မှု ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံလေ့ကျင့်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာစဖြစ်သဖြင့် အကြောလျှော့ လေ့ကျင့်ခန်းနှင့် အပေါ့စားလေ့ကျင့်ခန်းများသာဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့✪**


**ဈေးကုသိုလ်အလား လျှာတင်အား 'ရွှေပြည်နန်းရှင်မတောင်အပျေးသနပ်ခါး'**



ဦးဝင်းအောင်
(အထက်တန်းပြ)

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းဘာကျေးရွာမှ စာရေးဆရာ၊ ကျောင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ အနုပညာလည်းဝါသနာပါ၍ တချို့ရွာ ဘုရားဆွမ်းလောင်းပွဲများမှာ မင်းသားအကဖြင့် သွားရောက်ဖျော်ဖြေကပြလေ့ရှိပါတယ်။ မိတ်ကပ်နှင့် ကျွန်တော် ဓာတ်မတည့်၍လားမသိပါ။ ကျွန်တော့်မျက်နှာမှာ တင်းတိပ်၊ မှဲ့ခြောက်များ မြင်မကောင်းအောင် ဖြစ်ပေါ်လာ၍ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အလှကုန်ပစ္စည်းဆိုင်သွားပြီး ပျောက်ကင်းနိုင်မည့် နည်းလမ်းများ မေးစမ်းကြည့်ခဲ့ရာမှ 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး' စမ်းသုံး ကြည့်ပါလားဆို၍ ညအိပ်ယာဝင်တိုင်း လိမ်းအိပ်ခဲ့ပါတယ်။ သနပ်ခါးတစ်ဘူးအကုန်တွင် ကျွန်တော့်မျက်နှာ ထူးခြားစပြလာပါတယ်။ သုံးဘူးအကုန်မှာတော့ မျက်နှာတစ်ပြင်လုံးရှိ မှဲ့ခြောက်၊ တင်းတိပ်များ လုံးဝမရှိတော့ဘဲ ဈေးကုသိုလ်အလား လုပပြေပြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး'ကို အမြဲဝယ်ယူလိမ်း နေသည်မှာ ယနေ့တိုင်အောင်ပါပဲ။ ကျွန်တော်နည်းတူ မျက်နှာပြင်ရှိ တင်းတိပ်၊ မှဲ့ခြောက်များအတွက် စိတ်မကောင်းဖြစ်နေသူများ ဝယ်ယူလိမ်းကြည့်ပါရန် အကြံပေးခဲ့ရာ အောင်မြင်ပြီးထိရောက်တဲ့ အကျိုးများရရှိကြောင်းလည်း ပြန်ပြောကြပါတယ်။ 'ရွှေပြည်နန်း သနပ်ခါး' ထာဝရတည်တံ့နိုင်ပါစေ . . .

ဦးဝင်းအောင်(အထက်တန်းပြ)မူလွှန်အုပ်တာဝန်၊ မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်စာစာလှိုင်(အထက်တန်းပြ) မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)